ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (18-7-2007) (၅၃၈၂)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိုးကောင်းနှင့် တနိုင်းမြို့နယ်များအတွင်း စိုက်ပျိုးရေး၊ လမ်းတံတားများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး စိုက်ပျိုးမွေးမြူရေးကိုအခြေပြုပြီး ဒေသဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တနိုင်းတံတား ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ကြရာ မြစ်ကြီးနား–တနိုင်းကားလမ်း မိုင်တိုင်အမှတ်(၃၅) မိုးကောင်းမြို့နယ် မြတောင်ကျေးရွာသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ▲

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှုစစ်ဆေး ခြံစည်းရိုးကြက်ဆူပင်နှင့် ရော်ဘာပင်များကို တိုးချဲ့စိုက်ပျိုးရန်မှာကြား

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၁၅ ရက် နံနက် ၁၁ နာရီတွင် လေကြောင်းခရီးဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးမြို့သို့ ရောက်ရှိကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဟဲဟိုးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

ကြေးမုံ The Mirror — တိုင်းရင်းသားအားလုံးနဲ့ တပ်မတော် ယုံယုံကြည်ကြည်လက်တွဲ

"အာဃာတ ကင်းကင်းရှင်းရှင်းနဲ့ လူ–ပုဂ္ဂိုလ် အစွဲမထားဘဲ တိုင်းရင်းသားအားလုံးနဲ့ တပ်မတော် ယုံယုံကြည်ကြည် လက်တွဲတဲ့နည်းသာလျှင် .... ဒီမိုကရေစီလမ်းကြောင်းပေါ် (အမြန်ဆုံး)ရောက်စေမယ့် နည်းလမ်းဖြစ်တယ်ဆိုတာပါပဲ။ ဒီတော့ (၁၉၄၈၊ ၅၈၊ ၈၈)အမှားတွေကို သံဝေဂယူရင်း ဒီနေ့ကစပြီး 'အားလုံးလက်တွဲပြီးသား' ဖြစ်နေရင် မကောင်းဘူးလား။"

ဆရာစိုး(တောင်တွင်းကြီး)၏ **"ယူတတ်ရင် ရမှာပါ"** (ဆောင်းပါး) စာမျက်နှာ–၈၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၈-၇-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားညီလာခံကြီးအောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်း

မျက်မှောက်အချိန်အခါတွင် နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို ပုံဖော်တည်ဆောက်နေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် လွတ်လပ်သော နိုင်ငံတိုင်း၌ မရှိမဖြစ် လိုအပ်ချက်ဖြစ်ရာ အခြေခံဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိသည်။

အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ်၊ ၂၀၀၅ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်များအတွင်း ကျင်းပခဲ့ရာ၌ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီးဖြစ်သည်။

၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ရပ်နားထားခဲ့သည့် အမျိုးသားညီလာခံကို ၂၀၀၇ ခုနှစ် ဇူလိုင်လ ၁၈ ရက် (ယနေ့)မှစတင်၍ ပြန်လည်ကျင်းပနေပြီဖြစ်သည်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်မည့် အခန်းလိုက် ခေါင်းစဉ်(၁၅)ခုအနက် ရှေ့ပိုင်းမှ အခန်းလိုက်ခေါင်းစဉ်(၈)ခုအတွက် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို ကိုယ်စားလှယ်များက တညီတညွတ်တည်း ဆွေးနွေးချမှတ်ခဲ့ပြီးဖြစ်သည်။

ယခု ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ကျန်ရှိနေသည့် အခန်းလိုက် ခေါင်းစဉ်(၇)ခုအတွက် အသေးစိတ် အခြေခံရမည့်မူများကို အပြီးသတ် ဆွေးနွေးညှိနှိုင်းချမှတ်နိုင်တော့မည်ဖြစ်သည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော်တို့က အခြေခံဥပဒေပေါ်ထွန်းလာရေးအတွက် အမျိုးသား အကျိုးစီးပွားကို အလေးထားပြီး ညှိနှိုင်းဆွေးနွေးချမှတ်ခဲ့သည့် အခြေခံမူများသည် နိုင်ငံနှင့်ပြည်သူတို့၏ ကောင်းမြတ်သော အနာဂတ်ကို ဦးတည်ရေးရှုလျက်ရှိသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာကော်မတီအသီးသီးတို့၏ တက်ညီလက်ညီ ကြိုးပမ်းအားထုတ်မှုဖြင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် မကြာမီ ပေါ်ပေါက်လာတော့မည်ဖြစ်ပါသည်။ ။

ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မိခင် ဒေါ်နုရင် (၈၄)နှစ်မြောက် မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းဈေးလမ်းနေ ကိုကြည်ဝင်း–မအေးအေးခိုင်၊ ကိုမျိုးမြင့်–မတင်တင်ကြည်၊ ကိုရဲထွန်းအောင်–မလှလှဌေး၊ မြေးမောင်မင်းခန့်သော်၊ မလမင်းအိန္ဒြေ၊ မောင်ဟိန်းဖွဲ၊ မောင်စည်သူကောင်းဆက်၊ မောင်ဝဏ္ဏဘုန်းရှိန်၊ မိသားစုက အလှူငွေကျပ် တစ်သိန်းကို စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ညောင်ခါးရှည်) အရှင်သုန္ဒရထံ ဆက်ကပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ပိတောက်ပင်ကိုစိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအတွင်းရှိ ဌာနများမှ တာဝန်ရှိသူများနှင့် အရာထမ်းများ၊ အမှုထမ်းများ တက်ရောက်ကြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပို့ဆောင်ရေးဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပိတောက်ပင်ကို စိုက်ပျိုးပေးစဉ်။ (ပို့ဆောင်ရေး)

စိုက်ပျိုး

ရှေးဦးစွာ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေက ပို့ဆောင်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၅)ရုံးဝင်းအတွင်းရှိ မြေကွက်လပ်တွင် ပိတောက်ပင်ကို စိုက်ပျိုးပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်က ခရေပင်ကို စိုက်ပျိုးသည်။ ဆက်လက်၍ ဌာနအကြီးအကဲများက သတ်မှတ်ထားသည့် နေရာများတွင် သစ်ပင်များကို အသီးသီးစိုက်ပျိုးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ရုံးပတ်ဝန်းကျင်တွင် အရာထမ်းများ၊ အမှုထမ်းများက ပိတောက်၊ ခရေ၊ သစ်ဆိမ့်၊ ကံ့ကော်၊ သရက်၊ သပြေ၊ ရွက်လှ၊ ကျွန်းနှင့် တမာပင်များကို တပျော်တပါး စိုက်ပျိုးနေသည်တို့ကိုလှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသိင်္ဂီလမ်းထောင့်နှင့် ပင်ရွှေညောင်လမ်းရှိဆပ်သွားဖူးကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ (၂၇၆)တွင် ဇူလိုင် ၂၃ရက်မှ ၂၉ရက်အထိ မိုးကုတ်ဝိပဿနာနယ်လှည့်ဓမ္မကထိက မဟာကမ္မဋ္ဌာနာစရိယဦးဉာဏောဘာသ (သဇင်ရေကျော်ကျောင်းတိုက်)အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားများကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဇူလိုင် ၂၀ရက် နောက်ဆုံးထား၍ ဖုန်း–၅၅၉၆၀၄ သို့ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။
(က–ပ)

ဝိုင်အမ်ဘီအေ အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၇

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)၏ အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၉ရက်၊ ဝါဆိုလပြည့်(တနင်္ဂနွေနေ့)တွင် အသင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာ တပ်ဦးကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဦးပညာသာရ(မဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသောဆရာတော်တို့အားဝါဆိုသင်္ကန်းဆက်ကပ်မည်ဖြစ်ရာ ဆွမ်းကွမ်းစရိတ် အပါအဝင် သင်္ကန်းဒွိစုံတစ်စုံလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

အဘိဓမ္မာစာတော်ပြန်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်း၏ အကြိမ် (၄၀)မြောက် အဘိဓမ္မာခုနစ်ကျမ်း (အာဂမ–သဘာဝ) စာပြန်ပွဲကြီးကို (၁၃၆၉ခု ဝါခေါင်လပြည့်ကျော် ၄ ရက်မှ ၉ ရက်) စက်တင်ဘာ ၁ ရက်မှ ၆ ရက်အထိ ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မာရတနာဃရ (အဘိဓမ္မာ ဓမ္မဗိမာန်တော်)၌ ကျင်းပမည်ဖြစ်ရာ အဆိုပါစာပြန်ပွဲကြီးသို့ ဝင်ရောက်ဖြေဆိုကြမည့် သံဃာတော်အရှင်မြတ်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်တို့သည် ဩဂုတ် ၇ရက် (အင်္ဂါနေ့) ညနေ ၄နာရီ နောက်ဆုံးထားပြီး လျှောက်လွှာများကို ဆူးလေစေတီတော်ရှိ အသင်းတိုက်သို့ပေးပို့ကြရန်နှင့် စာစစ်ဆရာတော်ကြီးများ၊ စာအောင်ဆုများ၊ သင်္ကန်းဒွိစုံအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို လှူဒါန်းလိုသူများသည် အသင်းတိုက် ဖုန်း–၃၇၈၄၅၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။
(ကြေးမုံ)

ပြည်မြို့ မြဝတီသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၁၇

ပဲခူးတိုင်း ပြည်မြို့ ပွင့်လှကုန်းရပ်ကွက် ရွာဘဲနယ်မြေ ရတနာထီးဖြူဘုရားအနီး မဟာစည်မြဝတီသာသနာ့ရိပ်သာ ဝေယျာဝစ္စအမှုဆောင်အဖွဲ့က ကြီးမှူး၍ ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (ဒုတိယဝါဆိုလပြည့်ကျော် ၇ရက်) ဩဂုတ် ၅ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ပြည်မြို့ရတနာထီးဖြူဘုရားအနီး မြဝတီသာသနာ့ရိပ်သာ၌ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းဖွယ်ရာများ သဒ္ဓါအလျောက်လှူဒါန်းလိုပါက သင်္ကန်းတစ်စုံ ကျပ် ၄၀၀၀၊ ထီးတစ်လက် ကျပ် ၁၀၀၀၊ ဖိနပ်တစ်ရန် ကျပ် ၁၀၀၀၊ ယပ်တစ်ချောင်းကျပ်၅၀၀ နှင့် ဆေးဝါး စသော ပစ္စည်းလေးပါးကိုဖြစ်စေ၊ ဆွမ်းပဒေသာပင်၊ ငွေပဒေသာပင် တစ်ပင်လျှင် ကျပ် ၁၅၀၀၀ တို့ဖြင့်အကျိုးတော်ဆောင်အဖွဲ့ ဖုန်း–၀၉–၅၁၉၆၈၈၁ သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။
(က–ပ)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ပညာပေးဟောပြော၊ ဆေးစိမ်ခြင်ထောင်များ လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၇

မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြီး သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လှုပ်ရှားမှုနှင့် ဆေးစိမ်ခြင်ထောင်များ လှူဒါန်းခြင်း အခမ်းအနားကို အထက (၁) မင်္ဂလာတောင်ညွန့် မြတ်မင်္ဂလာခန်းမတွင် ဇူလိုင် ၁၂ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုက အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ဒေါ်သက်သက်မာက သွေးလွန်တုပ်ကွေးရောဂါ ကုသရေးအသိပညာပေး ဟောပြောပြီး မြို့နယ်ပညာရေးမှူးက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင်သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေးနှင့်ပတ်သက်သောဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်က လူမှုဝန်ထမ်း ဦးစီးဌာန မူလတန်းကြိုကျောင်းများအား သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေး ပညာပေးပိုစတာများကို ပေးအပ်ပြီး **(အောက်ပုံ)** မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဆေးစိမ်ခြင်ထောင်များကို လှူဒါန်းကြသည်။ (ကြေးမုံ)

▲ ရှေ့ဖုံးမှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မိုးကောင်းမြို့နယ် မြတောင်ကျေးရွာ ကွင်းအမှတ်(၅၆) ညောင်ပင်သာရှိ တောင်သူဒေါ်လှကြည်၏ လယ်မြေ၌ကျင်းပသည့် မိုးစပါး ထွန်ယက်စိုက်ပျိုးပွဲသို့ ဒေသခံကျေးရွာများမှ တိုင်းရင်းသား တောင်သူများနှင့်အတူ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းစိန်က မိုးကောင်းမြို့နယ်၌ ၂၀၀၆-၂၀၀၇ မိုးစပါးရာသီ၌ ၇၀၄၂၃ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၀၇-၂၀၀၈ ၌ ဧကရှစ်သောင်း စိုက်ပျိုးရန် လျာထားခဲ့ရာ ယခုအခါ ၃၇၃၀၃ဧက စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးရန် လုပ်မြေနှင့် မြေရိုင်းများဖော်ထုတ်ခဲ့မှုအခြေအနေနှင့် ထွန်ယက်ပျိုးထောင်စိုက်ပျိုးပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိမိဒေသ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မြင့်မားလာရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ တိုးမြှင့်ဆောင်ရွက်ကြရန်နှင့် ဒေသဝမ်းစာပိုလျှံရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီရေးအတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များကို ရွေးချယ်ကာ စိုက်ပျိုးနည်းစနစ် မှန်ကန်စွာဖြင့် စိုက်ပျိုးကြရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာအသုံးပြုရေး၊ စိုက်ဧကတိုးချဲ့ရေးကို ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ယခုစိုက်ပျိုးထွန်ယက်ပွဲ ကျင်းပသည့် မိုးကောင်းမြို့နယ် မြတောင်ကွင်း ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းများကို တာဝန်ရှိ ဌာနဆိုင်ရာ အဖွဲ့အစည်းများ အနေဖြင့် လက်လှမ်းတမီ ကြပ်မတ်ပံ့ပိုးဆောင်ရွက်နိုင်သည်ဖြစ်ရာ ဒေသခံ တောင်သူများအတွက် စံပြစိုက်ကွင်းအဖြစ် စံနမူနာယူနိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။

ထို့အပြင် မိုးကောင်းဒေသသည် စိုက်ပျိုးရေးအတွက် ရေ၊ မြေ၊ ရာသီဥတု၊ သဘာဝအခြေအနေကောင်းများ ပြည့်စုံနေသည့် အားလျော်စွာ မြေလွတ်မြေလပ်များပါမကျန် စိုက်ပျိုးနိုင်သည့် နေရာတိုင်း၌ စိုက်ပျိုးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မြတောင်ကျေးရွာမှ ကောက်စိုက်လုံမေများက ကောက်ပင်များ ယှဉ်ပြိုင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပြိုင်ပွဲဝင်နေသည့် ကောက်စိုက်လုံမေများအား အဝတ်အထည်များ ပေးအပ်သည်။

အဆိုပါ မြတောင်ကျေးရွာ၌ မိုးစပါး ၉၀၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မြစ်ကြီးနား-တနိုင်းကားလမ်း မိုင်တိုင်(၃၆/၆)သို့ ရောက်ရှိကြရာ မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးမိုးကျော်က စီတီးယံမှ မြစ်ကြီးနားသို့ မူလလမ်းဟောင်းတွင် လမ်းအကျယ်ပေ ၃၀ ပြုပြင်ဖောက်လုပ်ပြီးစီးခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင်-လီဒိုလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ထွက်ခွာခဲ့ကြရာ ဖားကန့်မြို့နယ်အပိုင်း မိုင်တိုင်(၆၀/၀)ရှိ ဒွန်ဘန်တံတားသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မကြာမီဖွင့်လှစ်တော့မည့် ဒွန်ဘန်တံတား၏ ကြံ့ခိုင်မှုအခြေအနေနှင့် တံတားအောက် ရေစီးရေလာအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁၅)မှ လက်ထောက်အင်ဂျင်နီယာ ဦးသက်လင်းက လိုက်လံရှင်းလင်းပြသသည်။

အဆိုပါတံတားမှာ အရှည် ၂၁၆ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၆ပေ ခြောက်လက်မ၊ ရေကင်းလွတ် အမြင့်ရှစ်ပေနှင့် ခွင့်ပြုအလေးချိန်မှာ ၂၅တန်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် နောင်းမီဒေသ၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နောင်းမီဒေသ လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ် ခင်မောင်အေးက စီမံကိန်းဧရိယာအတွင်း၌ တပ်ရင်းတပ်ဖွဲ့များနှင့် ဌာနဆိုင်ရာအဖွဲ့ ကိုးဖွဲ့တို့က ၂၀၀၇-၂၀၀၈ မိုးစပါးရာသီတွင် ၂၂၃၈ ဧက စိုက်ပျိုးသွားမည့်အစီအစဉ်နှင့် နှစ်အလိုက် စိုက်ပျိုးနိုင်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နောင်းမီဒေသသည် မြေလွတ်မြေရိုင်းများစွာရှိရာ တပ်ရင်းတပ်ဖွဲ့များအနေဖြင့် အကျိုးရှိရှိအသုံးချ၍ ဒေသဖွံ့ဖြိုးမှု အထောက်အကူဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်သွားကြရေးနှင့် ဒေသခံများပါ လယ်မြေဖော်ထုတ်ဆောင်ရွက်ရေး အကူအညီပေးသွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မြစ်ကြီးနား-တနိုင်း-လီဒိုလမ်း ဖားကန့်မြို့နယ် နောင်းမီကျေးရွာအနီးရှိ ယုဇနကုမ္ပဏီ၏ နောင်းမီဒေသ မြေယာဖော်ထုတ်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ယုဇနကုမ္ပဏီ၏ လုပ်ငန်းခွင် ESTATE(A) အတွင်း မိုးစပါး စိုက်ပျိုးဖြစ်ထွန်းနေမှုအခြေအနေကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စီမံကိန်းဧရိယာလုပ်ငန်းခွင်အတွင်း ကုန်ထုတ်လမ်းများ ဖောက်လုပ်ထားရှိမှုကို လည်းကောင်း၊ ရေကြီးကွင်းဖြစ်၍ ရေလျှံမှုမှ ကာကွယ်နိုင်ရန် ရေသွားမြောင်းများ ဖောက်လုပ်ထားရှိမှုကိုလည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ယာဉ်ယန္တရားများ ရောက်ရှိမှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ယုဇနကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဦးဌေးမြင့်က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စီမံကိန်းဧရိယာအတွင်းရှိ ရှုရပ်မျှော်ခင်မှနေ၍ မြေယာဖော်ထုတ်ထွန်ယက်ထားရှိမှုအခြေအနေနှင့် စပါး၊ ကြံ၊ ပြောင်းများ စိုက်ပျိုးထားရှိမှုအခြေအနေတို့ကို ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က စီမံကိန်းဧရိယာအတွင်း ထွန်ယက်ပြီးသော မြေများ၌ စပါးမျိုးများ ကြဲပက်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား-တနိုင်း ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ကြရာ ဝါရာဇွပ်ကျေးရွာအနီး၌ ယုဇနကုမ္ပဏီမှ စိုက်ပျိုးရေးဝန်ထမ်းများ စားသုံးရန်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ စပါးကြိတ်ခွဲနိုင်ရန် ယုဇနကုမ္ပဏီမှ တည်ဆောက်ထားသည့် တစ်နေ့တင်း ၄၀ ကျ ဆန်စက်သို့ ရောက်ရှိပြီး စပါးခွံလောင်စာ ဓာတ်ငွေ့ကို အသုံးပြု၍ စပါးများကြိတ်ခွဲနေမှုအခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ယုဇနကုမ္ပဏီ၏ အောင်မြင်ဖြစ်ထွန်းနေသည့် ကြံစိုက်ခင်းများ၊ ပီလောပီနံစိုက်ခင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ နန်ဖြတ်ယန် ကျေးရွာအနီး ကြံစိုက်ခင်းနှင့် ပီလောပီနံစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ယုဇနကုမ္ပဏီ၏ စိုက်ပျိုးရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ကချင်ပြည်နယ် ဖားကန့်နှင့် တနိုင်းမြို့နယ်တို့ရှိ ယုဇန ဘက်စုံစိုက်ပျိုးမွေးမြူရေးစီမံကိန်း၏ ရည်ရွယ်ချက်၊ နှစ်အလိုက် မြေယာဖော်ထုတ်မှုနှင့် စိုက်ပျိုးသီးနှံ လျာထားချက်၊ နှစ်စဉ် ကုန်ထုတ်လုပ်နိုင်မှုအခြေအနေနှင့် စီမံကိန်းပြီးစီးချိန်တွင် ဖြစ်ပေါ်လာမည့် အခြေအနေ၊ စက်ယာဉ်ယန္တရားလိုအပ်ချက်၊ ရောက်ရှိမှု၊ စီမံကိန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ပြည်နယ်အတွင်း၌ ပြည်တွင်းလောင်စာဆီဖူလုံရေး၊ နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရေး၊ ဒေသဝမ်းစာစပါး ပိုလျှံရေးတို့အတွက် မြေလွတ်မြေရိုင်းများကို တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေနှင့် ဒေသတာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများအား အလားတူ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန် ကူညီပံ့ပိုးဆောင်ရွက်ပေးရေး၊ လုပ်သားများနှင့် ဒေသရှိ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များ ဖြည့်ဆည်းဆောင်ရွက်ပေးရေးနှင့် လိုအပ်ချက်များကို သက်ဆိုင်ရာ ဒေသတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

အဆိုပါ ယုဇနကုမ္ပဏီသည် ကချင်ပြည်နယ် ဖားကန့်မြို့နယ်နှင့် မိုးကောင်းမြို့နယ်တို့၌ မြေဧက ၂၅၀၀၀၀ လုပ်ကိုင်ခွင့်ရရှိပြီး ဒေသနှင့်ကိုက်ညီသည့် စက်မှုကုန်ကြမ်းသီးနှံများကို ဦးစားပေး စိုက်ပျိုးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေး၊ ပြည်တွင်းလောင်စာဆီ၊ စားသုံးဆီ၊ သကြားဖူလုံစေရန်နှင့် နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် ကြံဧက ၁၂၄၀၊ ပီလောပီနံဧက ၅၈၀၊ စပါးဧက ၆၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ပြောင်းဧက ၂၀၀၀ နှင့် ပဲဧက ၂၀၀၀ ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ညနေ ၄နာရီတွင် တနိုင်းမြို့သို့ရောက်ရှိပြီး ဟူးကောင်းခန်းမ၌ တနိုင်းမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ထွေးက တနိုင်းမြို့၏ မိုးစပါးစိုက်ပျိုးမှုအခြေအနေ၊ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ မြို့နယ်ဌာနဆိုင်ရာများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ရှင်ဗွေယန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက မြို့နယ် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တနိုင်းလွင်ပြင်ဒေသ၌ ရေခံမြေခံကောင်းသည့် မြေလွတ်မြေရိုင်းများစွာရှိရာ ဒေသ၏ အခြေအနေပေးမှုနှင့်အညီ ဒေသဝမ်းစာ ဖူလုံပိုလျှံရေးအတွက် မိုးစပါး၊ နွေစပါးသာမက စီးပွားဖြစ် နှစ်ရှည်သီးနှံများကိုပါ တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးနိုင်သည့် မြေယာသစ်များ ဖော်ထုတ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သကဲ့သို့ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ပျိုးနည်းပညာသစ်များနှင့် မျိုးကောင်းမျိုးသန့်များနှင့် ဓာတ်မြေဩဇာ တိုးတက်အသုံးပြုရေး၊ စိုက်ပျိုးရေးလုပ်ငန်းသစ်များ ချဲ့ထွင်ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများက ကူညီဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း။

ဒေသတွင်းရှိ ယခင်က စိုက်ပျိုးခြင်းမပြုလုပ်နိုင်သည့် ရေနက်ကွင်းများကို မြေပြုပြင်၍ စပါး၊ ကြံ၊ ပီလောပီနံ စသည့် သီးနှံများ လာရောက်ရင်းနှီး လုပ်ကိုင်လျက်ရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များကို အားပေးပံ့ပိုးရန် လိုအပ်သကဲ့သို့ ဒေသခံပြည်သူများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးကို စည်းရုံးဆောင်ရွက်ရန်လိုကြောင်း၊ သို့မှသာ ဒေသအတွင်း စားရေးဖူလုံရုံသာမက အလုပ်အကိုင် အခွင့်အလမ်းများရရှိကြပြီး ဝင်ငွေတိုးပွားလာကာ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း။

ဒေသခံပြည်သူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေပြုပြီး မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့်အတူ ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရီရီသွယ်ထံ ပေးအပ်သည်။

ဆက်လက်၍ အဝတ်အထည်များကို လူမှုရေးအသင်းအဖွဲ့ဝင်များအား ပေးအပ်သည်။

ထို့နောက် Season Star ကုမ္ပဏီ၊ ရွှေတာမိန်ကုမ္ပဏီနှင့် ရွှေမိသားစု စက်လှေအသင်းတို့က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာအစောင် ၄၂၀ ကို ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလဝမ်ဂျူးထံ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က အဝတ်အထည်များ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် စားသောက်ကုန်ပစ္စည်းများကို တနိုင်းမြို့မှ လူမှုရေးအသင်းအဖွဲ့ဝင်များအား အသီးသီး ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တနိုင်းမြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့အထွက်ရှိ မြစ်ကြီးနား-ပန်ဆောင်-လီဒိုလမ်းပေါ်၌ တည်ဆောက်ထားသည့် တနိုင်းတံတားကို သွားရောက်ကြည့်ရှု၍ တံတားကြံ့ခိုင်မှု အခြေအနေနှင့် တနိုင်းချောင်း၏ ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ တနိုင်းတံတားမှာ အရှည် ၉၄၂ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၀ ပေ၊ ၁၀ ဒသမ ၅ လက်မနှင့် ခွင့်ပြုအလေးချိန်မှာ တန် ၂၀ ဖြစ်ပြီး တံတားကြီး ရေရှည်တည်တံ့ရေးနှင့် ကြာရှည်စွာ အသုံးပြုရန်အတွက် ရေလယ်တိုင် ကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့ မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ခွဲစိတ်ခန်း၊ အမျိုးသမီးလူနာဆောင်နှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဆေးဝါးကုသမှု ခံယူလျက်ရှိသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့ နယ်မြေခံတပ်နယ်သို့ ရောက်ရှိကြပြီး တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တပ်တွင်း စိမ်းလန်းစိုပြည်ရေး၊ နှစ်ရှည်ပင်များနှင့် စပါးစိုက်ပျိုးရေး၊ ကြက်ဆူပင် စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်သွားကြရေး မှာကြားပြီး စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အဝတ်အထည်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် တနိုင်းမြို့၌ ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၇-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၅	၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။ မျိုးချစ်တပ်မတော်
၅:၁၀	၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀	၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀	၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀	၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၅	၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၀	၁၃။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀	၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပုံရိပ်ပမာ (အပိုင်း-၂)**
၈:၀၀	၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။ မိုးလေဝသသတင်း
	၁၇။ အမျိုးသားရေးတေးကဗျာ
	၁၈။ English Usage
	၁၉။ ဗွီစီဒီကျော်ကြားတေးများ
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းလောကမုန်တိုင်း (ဒုတိယတွဲ) (အပိုင်း-၁၅)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

ကြေးမုံ နိုင်ငံတကာ သတင်းများ
The Mirror

ဟိုချီမင်းစီးတီး၌ ကိုရီးယားကုမ္ပဏီများ ရင်းနှီးမြှုပ်နှံ အခြေခံအဆောက်အအုံလုပ်ငန်းများ၌ ပါဝင်လုပ်ကိုင်

ဆိုးလ် ဇူလိုင် ၁၆

ဗီယက်နမ်နိုင်ငံရှိ ဟိုချီမင်းစီးတီးတွင် ကိုရီးယားကုမ္ပဏီများ ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း၊ယင်းမြို့တွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နေသောကိုရီးယားကုမ္ပဏီပေါင်း ၁၃၀၀၀ ကျော်ရှိကြောင်း ကိုရီးယားတာဝန်ရှိသူ တစ်ဦးက ဇူလိုင် ၁၅ ရက်တွင် ပြောကြားသည်။

ဟိုချီမင်းစီးတီးတွင် ကိုရီးယားကုမ္ပဏီများက အခြေခံအဆောက်အအုံစီမံကိန်းများတွင် ပါဝင်လုပ်ကိုင်လျက်ရှိသည်။ အိုးအိမ်တည်ဆောက်ရေးလုပ်ငန်း၊ လေဆိပ်လမ်း တိုးချဲ့ဖောက်လုပ်သည့်လုပ်ငန်း စသည့်တည်ဆောက်ရေး လုပ်ငန်းများ၌ ကိုရီးယားကုမ္ပဏီများ ပါဝင်ရင်းနှီးမြှုပ်နှံလျက်ရှိကြသည်။

ဟိုချီမင်းစီးတီးပြည်သူ့ကော်မတီသည် မကြာသေးမီက ကိုရီးယားကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ကိုရီးယားအငယ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ ကော်ပိုရေးရှင်း၊ ကိုရီးယား စက်မှုနည်းပညာသိပ္ပံနှင့် ဗီယက်နမ် သိပ္ပံနှင့် နည်းပညာဌာနတို့သည် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အင်တာနက်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ အနောက်တောင်ဘက် ဒေချီယန်ကမ်းခြေ၌ ကျင်းပသည့် ရိုးရာရွှံ့နွံလိမ်းကျံပွဲတွင် ပါဝင်ဆင်နွှဲနေသူနှစ်ဦးကို ဇူလိုင် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဝက်စ်နိုင်းလ်ဗိုင်းရပ်စ်ရောဂါ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကူးစက်

ဆာခရာမန်တို ဇူလိုင် ၁၆

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ခရိုင်၂၆ ခုတွင် ဝက်စ်နိုင်းလ်ဗိုင်းရပ်စ်ရောဂါ ပြန့်ပွားလျက်ရှိပြီး သုံးဦးရောဂါကူးစက်ခံနေရကြောင်း ကျန်းမာရေးဌာန အရာရှိများက ဇူလိုင် ၁၄ ရက်တွင် ပြောကြားသည်။

ရောဂါကူးစက်နှုန်းမြန်ဆန်သည့်အတွက် ပြည်သူများအနေဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ထားရန် သက်ဆိုင်ရာများက တိုက်တွန်းနှိုးဆော်ထားသည်။ ဝက်စ်နိုင်းလ်ဗိုင်းရပ်စ်ရောဂါကာကွယ်ရေးအတွက် တိရစ္ဆာန်များကို ကာကွယ်ဆေးထိုးနှံထားခြင်း၊ ရေမစီးဘဲပိတ်ဆို့နေသော ရေများကိုဖောက်ထုတ်ခြင်း၊ တံခါးနှင့် ပြတင်းများတွင် ခြင်ဆန်ခါများ တပ်ဆင်ခြင်း၊ ခြင်ကိုက်မခံရစေရန် ဂရုပြုနေထိုင်ခြင်း စသည်တို့ကို လုပ်ဆောင်ကြရမည်ဖြစ်သည်။ ရောဂါကူးစက်ခံရသူ သုံးဦးစလုံးမှာ ကင့်ခရိုင်မှဖြစ်သည်။ ထိုခရိုင်အတွင်း ငှက်များသေဆုံးနေကြောင်းသိရသဖြင့် ကျန်းမာရေးဓာတ်ခွဲစမ်းသပ်ကြည့်ရာ ၄၁ကောင်တွင် ထိုဗိုင်းရပ်စ်ပိုးကူးစက်ခံရကြောင်း တွေ့ရသည်။

ယခုနှစ်အတွင်း အခြားသောခရိုင်များတွင် ဝက်စ်နိုင်းလ်ဗိုင်းရပ်စ်ပိုး ရောဂါသည် လူသားများကို ကူးစက်ခံရကြောင်း သတင်းမရရှိပေ။

အင်တာနက်။

ဆွစ်ဇာလန်၌ ဆီးနှင်းပြိုကျ ခြောက်ဦးသေဆုံး

ဇူးရစ် ဇူလိုင် ၁၅

ဆွစ်ဇာလန်နိုင်ငံမှ တပ်ဖွဲ့ဝင်များသည် ကြာသပတေးနေ့က ဂျွန်ဖရူးတောင်ထိပ်သို့ တက်နေစဉ် ဆီးနှင်းပြိုကျသဖြင့်တပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံးသွားကြောင်း ကာကွယ်ရေးဌာနက ပြောကြားသည်။ သေဆုံးသွားသည့် တပ်ဖွဲ့ဝင်အားလုံးမှာ အမျိုးသားများဖြစ်ကြောင်း၊ ၎င်းတို့သည် ဆွစ်ဇာလန်နိုင်ငံအလယ်ပိုင်း ဘားနီးစ်အိုဘာလန်းနယ်မြေရှိ ဂျွန်ဖရူးတောင်တက်နေစဉ် မီတာ ၃၈၀၀ အမြင့်၌ ယခုကဲ့သို့ ဖြစ်ပွားခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘောဒီးယား၌သွေးလွန်တုပ်ကွေးကူးစက် ယခုနှစ်အတွင်း ၁၈၂ဦး သေဆုံး

ဖနောင်ပင် ဇူလိုင် ၁၆

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြင့် သေဆုံး သူ ၁၈၂ဦးရှိကြောင်း၊ ရပ်ကွက်တိုင်းရှိ ပြည်သူများက ပူးပေါင်းဆောင်ရွက်မှု မရှိလျှင် ရောဂါကူးစက်မှု အခြေအနေမှာ ပိုမိုဆိုးရွားလာဖွယ်ရှိကြောင်း အစိုးရနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က စနေနေ့တွင် ပြောကြားသည်။

သွေးလွန်တုပ်ကွေးရောဂါကူးစက်မှုမှာ ယခုနှစ်တွင် ထူးထူးခြားခြားများပြားလျက်ရှိကြောင်း၊ လက်ရှိနှုန်းထားအတိုင်း ဆက်လက်ဖြစ်ပွားနေပါက အဆိုးဆုံးအခြေအနေသို့ ရောက်ရှိသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့က ပူးတွဲကြေညာသည်။ ရပ်ကွက်အလိုက်ပိုးလောက်လမ်း ထိန်းချုပ်ခြင်းနှင့် ခြင်ပေါက်ပွားနိုင်သည့် နေရာများ ရှင်းလင်းဖယ်ရှားခြင်းမှာ ရောဂါကာကွယ်တားဆီးရေးအတွက် ထိန်းထားနိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်ပြီး ရောဂါကူးစက်မှု လျှော့ချရေးအတွက် ထိရောက်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

လက်ဘနွန်နိုင်ငံမြောက်ပိုင်း ထရီပိုလီမြို့ နာရာအယ်ဘာရက်ဒုက္ခသည်စခန်းတွင် တိုက်ပွဲဝင်နေသော လက်ဘနွန်တပ်ဖွဲ့မှ သံချပ်ကာယာဉ်တစ်စီးကို ဇူလိုင် ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန် ဒုက္ခသည်စခန်းရှိ စစ်သွေးကြွများကို စတင်တိုက်ခိုက်

ထရီပိုလီ ဇူလိုင် ၁၆

လက်ဘနွန်ကြည်းတပ်သည် ထရီပိုလီမြို့အနီးရှိ ဒုက္ခသည်စခန်းတစ်ခုတွင် ခိုအောင်းနေသော စစ်သွေးကြွများအား ချေမှုန်းသည့် စစ်ဆင်ရေး လုပ်ငန်းကို သောကြာနေ့တွင် ပြန်လည်ပြုလုပ်ကြောင်း အလာလမ်ဂြိုဟ်တု ရုပ်မြင်သံကြားဌာနက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

ပါလက်စတိုင်း ဒုက္ခသည် စခန်းရှိ စစ်သွေးကြွများက လက်ဘနွန်တပ်ဖွဲ့ဝင်များအား မေ ၂၀ ရက်တွင် စတင်တိုက်ခိုက်ခဲ့ချိန်နောက်ပိုင်း အကြီးကျယ်ဆုံးသော ထိုးစစ်ကို လက်ဘနွန် တပ်ဖွဲ့ပြုလုပ်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အကြမ်းဖက်သမားများ ဖြစ်သည့် စစ်သွေးကြွများအား အမြစ်ပြတ်ချေမှုန်းနိုင်ရေးအတွက် ယင်းဒုက္ခသည်စခန်းကိုစီးနင်းတိုက်ခိုက်ရန် ဝန်ကြီးချုပ်ဖာရောက်ဆိုင်နီရာက တိုက်တွန်းခဲ့သည်။ တိုက်ပွဲဖြစ်ပွားမှုကြောင့် တပ်ဖွဲ့ဝင်နှင့် အရပ်သား ခြောက်ဦး သေဆုံးကြောင်း၊စစ်သွေးကြွအုပ်စုနှင့် တိုက်ခိုက်မှု စတင်ခဲ့သည့် မေ ၂၀ ရက် နောက်ပိုင်း လက်ဘနွန်တပ်ဖွဲ့ဝင် ၉၀ သေဆုံးခဲ့ပြီဖြစ်ကြောင်း အလာလမ်ဂြိုဟ်တုရုပ်မြင်သံကြားဌာနက ဖော်ပြသည်။

အင်တာနက်။

နီပေါအနောက်ပိုင်း၌ မြေပြို၊ ၂၆ ဦး သေဆုံး

ခတ္တမန္ဒူ ဇူလိုင် ၁၆

နီပေါနိုင်ငံအနောက်ပိုင်းတွင် မုတ်သုံမိုး သည်းထန်စွာရွာသွန်းမှုနှင့်အတူ မြေပြိုမှုများဖြစ်ပွားခဲ့ရာ ၂၆ ဦးထက်မနည်းသေဆုံးကြောင်း တာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ခတ္တမန္ဒူမြို့၏အနောက်ဘက် ကီလိုမီတာ ၁၈၀အကွာ ဘက်လန်းခရိုင်ရှိ ဗွာလီချာ ကျေးရွာတွင် မြေပြိုမှုကြောင့် ၂၁ဦး သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ မြေပြိုမှုများကြောင့် ခြောက်ဦး ပျောက်ဆုံးနေပြီး ၎င်းတို့သေဆုံးနိုင်သည်ဟု ယူဆရကြောင်း ၎င်းကပြောကြားသည်။

ကြည်းတပ်ရဟတ်ယာဉ်များက ကယ်ဆယ်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ မြေပြိုမှုကြောင့် နေအိမ်ခုနစ်လုံး ပျက်စီးခဲ့ရကြောင်း အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ ဘာဂျူရာခရိုင် ဘာတိုလာကျေးရွာတွင် မြေပြိုမှုကြောင့် ငါးဦးသေဆုံးကြောင်း ရဲအရာရှိ တစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

နီပေါနိုင်ငံအနောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာပြီးနောက် မြေပြိုကျမှုဖြစ်ပွားသောနေရာ၌ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည်ကို ဇူလိုင် ၁၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရန်တောင်ပိုင်းတွင် ကုန်သင်္ဘောနစ်မြုပ်

တီဟီရန် ဇူလိုင် ၁၆

အီရန်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းကမ်းလွန်တွင် တောင်ကိုရီးယားကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့သဖြင့် သင်္ဘောသား ၁၃ဦး ပျောက်ဆုံးလျက်ရှိကြောင်း အီရန်နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက စနေနေ့တွင် သတင်းထုတ်ပြန်သည်။ အောခစ်ဆန်းအမည်ရှိ ကုန်တင် သင်္ဘောနှင့်အတူ တောင်ကိုရီးယား၊ ဖိလစ်ပိုင်နှင့် ချီလီနိုင်ငံသားများဖြစ်သည့် သင်္ဘောဝန်ထမ်း ၂၃ ဦး ပါရှိကြောင်း၊ အီရန်ပင်လယ်ဆိပ်ကမ်းမြို့ ချာဘာဟာ အရှေ့တောင်ဘက် ရေမိုင် ၁၁၀ ခန့် အကွာတွင် သင်္ဘောနစ်မြုပ်ခဲ့ပြီး ၁၀ ဦးကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ ယင်းသင်္ဘောသည်သံများကိုတင်ဆောင်လျက် တရုတ်နိုင်ငံမှ အီရန်နိုင်ငံသို့ ဦးတည်မောင်းနှင်ခဲ့သည်။***အင်တာနက်။***

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စမ်းသပ်လယ်မြေ၌ ပျိုးသက်နုစပါး စိုက်ပျိုးနည်းစနစ် သရုပ်ပြပွဲကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား ဟဲဟိုးလေဆိပ် ဧည့်ခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အုပ်ချုပ်ရေး၊ စီးပွားရေး၊ နယ်မြေဒေသ ဖွံ့ဖြိုးရေးတိုးတက်မှုအခြေအနေများ တင်ပြဆွေးနွေးရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်းတည့် ၁၂နာရီတွင် ကျိုင်းတုံမြို့သို့ရောက်ရှိကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျိုင်းတုံလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့တွင်း ဖွံ့ဖြိုးစည်ပင်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျိုင်းတုံမြို့၌ ညအိပ်ရပ်နားသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၆ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တြိဂံဒေသတိုင်းစစ်ဌာနချုပ် စမ်းသပ်လယ်မြေ၌ ပျိုးသက်နုစပါး စိုက်ပျိုးနည်းစနစ်သရုပ်ပြပွဲကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များအား ယာယီရှင်းလင်းဆောင်၌ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ခင်က ၆၆ပေပတ်လည်ရှိ လယ်မြေ၌ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဦးမင်းလယ်မြေ၌ ပျိုးသက်နုစပါး စိုက်ပျိုးနည်းစနစ်ဖြင့် ရွှေရင်အေးစပါးမျိုး ပထမပျိုးခင်းမှ ဒုတိယပျိုးခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးခြင်း၊ ဒုတိယပျိုးခင်းမှ တတိယပျိုးခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးခြင်း အခြေအနေများနှင့် စပါးထွက်နှုန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ပျိုးသက်နုစပါး စိုက်ပျိုးနည်းစနစ်အဆင့်ဆင့် လက်တွေ့သရုပ်ပြသမှုကို ကြည့်ရှုစစ်ဆေးပြီး လယ်မြေ ၁၀ဧက၌ မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပျိုးသက်နုစပါးစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးပါက ကုန်ကျစရိတ်လျှော့ချနိုင်ကာ အထွက်နှုန်းကောင်းမွန်ခြင်းတို့ကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည့်အပြင် အသိပညာပေးခြင်းလုပ်ငန်းနှင့် လက်တွေ့သရုပ်ပြသခြင်းများကိုပါ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသ၌ ၂၀၀၇–၂၀၀၈ ခုနှစ် မိုးစပါး လျာထားဧက ၃၉၀၀၀၀၌ စုစုပေါင်း ၂၉၄၃၆၈ဧက စိုက်ပျိုးပြီးဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မြန်မာ့စိုက်ပျိုးရေး သုတေသနဦးစီးဌာန၏ အထွက်ကောင်းမြေပဲမျိုးပွားစိုက်ခင်း၌ ဆင်းပဒေသာ(၇)စိုက်ပျိုးထားရှိမှုကိုကြည့်ရှုစစ်ဆေးရာ ခရိုင်မန်နေဂျာ ဦးမြင့်အောင်က မြေပဲမျိုးသန့်စိုက်ပျိုးပြီး မျိုးပွားမှုအခြေအနေ၊ တစ်ဧကအထွက်နှုန်းအခြေအနေများကိုရှင်းလင်းတင်ပြရာ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ခင်၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မြေပဲမျိုးပွားစိုက်ခင်းသို့ တောင်သူများခေါ်ယူ၍ စိုက်ပျိုးဖြစ်ထွန်းမှုကို လက်တွေ့ပြသကြရမည်ဖြစ်ကြောင်း၊ လိုအပ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေးကို ဌာနဆိုင်ရာတာဝန်ရှိသူများက အချိန်မီဖြန့်ဖြူးပေးရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသတွင် မြေပဲလျာထားဧက ၆၅၀၆ ဧက၌ ဧက ၆၆၂၀ စိုက်ပျိုးပြီး စီမံကိန်း လျာထားချက်အပေါ် ၁၀၁ ဒသမ ၇၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ တြိဂံဒေသတိုင်း စစ်ဌာနချုပ်၏ ခြ်စည်းရိုးကြက်ဆူ စံပြပျိုးခြံသို့ရောက်ရှိကြပြီး ခြ်စည်းရိုးကြက်ဆူပျိုးပင်တစ်သိန်း ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးအေးလင်းက တပ်နယ်အတွင်း ခြ်စည်းရိုးကြက်ဆူ စိုက်ပျိုးပြီးစီးမှု၊ လျာထားချက် ပြည့်မီကျော်လွန်ရန် စိုက်ပျိုးမည့် အစီအစဉ်များကိုလည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ခင်က ဌာနဆိုင်ရာများနှင့် မြို့နယ်များတွင် ခြ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှု၊ ပျိုးထောင်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်းပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တပ်နယ်များ၊ ဌာနဆိုင်ရာများနှင့် မြို့နယ်များအလိုက် စိုက်ပျိုးပြီးစီးပြီး ခြ်စည်းရိုးကြက်ဆူပင်များကို သတ်မှတ်လျာထားချက်နှင့်အညီ စိုက်ပျိုးမှု ရှိ၊ မရှိနှင့် စိုက်ပျိုးပြီး ခြ်စည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်စစ်ဆေးရန်လိုကြောင်းဖြင့် မှာကြားပြီး စိုက်ပျိုးပြီး ဖြစ်ထွန်းနေသော ခြ်စည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း ၂၀၀၆ခုနှစ်တွင် ခြ်စည်းရိုးကြက်ဆူပင် ၃၂၀၆၈ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၇ခုနှစ်တွင် ဧက ၁၅၀၀၀၀ လျာထားရာ ဧက ၁၀၉၅၉ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ တြိဂံဒေသတိုင်း စစ်ဌာနချုပ်၏ ခြ်စည်းရိုးကြက်ဆူကြိတ်စက်ရုံသို့ ရောက်ရှိကြပြီး ခြ်စည်းရိုးကြက်ဆူဆီနှင့် ဘိုင်အိုဒီဇယ်ဆီကို လည်းကောင်း၊ တစ်နာရီလျှင် သုံးတင်းကျ ကြိတ်နိုင်သော အင်ဂျင် ၂၅ကောင်အားရှိ ခြ်စည်းရိုးကြက်ဆူစေ့ ကြိတ်စက် လက်တွေ့သရုပ်ပြသမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်မှူးကြီးအေးလင်းက ဘိုင်အိုဒီဇယ်ဆီထုတ်လုပ်ရေး ဓာတ်ခွဲခန်း စမ်းသပ်မှုအဆင့်ဆင့်၊ ဘိုင်အိုဒီဇယ်ဆီရရှိမှု အဆင့်ဆင့်တို့ကို လက်တွေ့ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဘိုင်အိုဒီဇယ်ဆီ ထုတ်လုပ်ရာတွင် ရရှိသည့် ဆပ်ပြာ၊ ဂရစ်ဆလင်းနှင့် ဘိုင်အိုဒီဇယ်ဆီတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ နယ်မြေခံတပ်ရင်း၏ ခြ်စည်းရိုးကြက်ဆူနှင့် ရော်ဘာစိုက်ခင်းသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ယာယီတပ်ရင်းမှူး ဗိုလ်မှူးစောဝင်းက ခြ်စည်းရိုးကြက်ဆူနှင့် ရော်ဘာစိုက်ပျိုးမှုအခြေအနေ၊ ပျိုးထောင်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ခြ်စည်းရိုးကြက်ဆူပင်နှင့် ရော်ဘာပင်များ စံပြအဖြစ် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုးရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံ–မိုင်းခတ်လမ်းပေါ်ရှိ ဝမ်တာပုံတံတားသို့ ရောက်ရှိကြပြီး တံတားကြံ့ခိုင်မှု အခြေအနေနှင့် ဝမ်လင်ချောင်း ရေစီးဆင်းမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဝမ်တာပုံတံတားသည် အလျားပေ ၁၄၀၊ အကျယ် ၁၂ ပေခွဲရှိပြီး ခံနိုင်ဝန်အားမှာ ၁၃တန် ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံ–မိုင်းခတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မိုင်တိုင်အမှတ်(၂၃/၂)၌ စက်ယန္တရားများဖြင့် ကျောက်ချောလမ်းခင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့်ထွက်ခွာလာရာ ၂၄မိုင် ရှင်းလင်းဆောင်သို့ရောက်ရှိကြပြီး ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးက ကျိုင်းတုံ–မိုင်းခတ်–မိုင်းယန်း မဟာဗျူဟာလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကျိုင်းတုံ–မိုင်းခတ်–မိုင်းယန်းလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လျာထားသတ်မှတ်ချိန်တွင် ပြီးစီးရေးနှင့် ရာသီမရွေးအသုံးပြုနိုင်သော လမ်းဖြစ်ရန်၊ အချိုးအကွေ့များတွင် တောင်ကမ်းပါးယံနှင့်နီးကပ်၍ လမ်းသားချဲ့ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တိုင်းမှူး၊ အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး ကျိုင်းတုံ–မိုင်းခတ်–မိုင်းယန်း လမ်း၌ ကျောက်များခင်းပြီးမှု၊ လမ်းအကျယ်များ တိုးချဲ့ထားရှိမှု၊ ရေပြွန်များ၊ တံတားများ တည်ဆောက်ပြီးစီးမှု၊ လမ်းဘေး ဝဲ/ယာတစ်လျှောက် ရေနုတ်မြောင်းများ ဖောက်လုပ်ပြီးစီးမှုနှင့် စိမ်းလန်းစိုပြည်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းယန်းမြို့၌ ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းစီမံချက် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေး လုပ်ငန်းစီမံချက် မြို့နယ်အဆင့် ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်နှင့် ဒေါ်ခင်နွယ်နွယ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ဆွေဆွေဦး၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်က အဖွင့်အမှာစကား ပြောကြားပြီး စေတနာ့ဝန်ထမ်းကို အခြေခံသော အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး စီမံချက်လုပ်ငန်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်နွယ်နွယ်က အသိပညာပေးဆွေးနွေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်ရေး လုပ်ငန်းစီမံချက် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

➪ ကျောဖုံးမှ
အမာခံကျောက်ခင်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ထို့ကော်ကိုး ကျေးရွာသို့ ရောက်ရှိကြသည်။

ယင်းနောက် ယင်းကျေးရွာရှိ စုဝေးခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်က ထို့ကော်ကိုးဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ ရေပေးဝေရေးအတွက် စီမံထားရှိမှုအခြေအနေ၊ ၅၀ ကေဗွီအေ မီးစက်ဖြင့် လျှပ်စစ်မီးပေးနေမှုအခြေအနေ၊ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းခွဲကို အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်၍ အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၁၄ ပေရှိ ကျောင်းဆောင်သစ်နှင့် ကျောင်းသုံးပရိဘောဂများ စီစဉ်ဆောင်ရွက်ထားမှုအခြေအနေ၊ ဆေးပေးခန်း၊ သားဖွားခန်းအဆောက်အအုံကို အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၂ပေ အုတ်ညှပ်သွပ်မိုးအဖြစ် တည်ဆောက်ထားရှိပြီး လက်ထောက်ကျန်းမာရေးမှူး တစ်ဦးနှင့် သားဖွားဆရာမတစ်ဦးတို့အား ခန့်ထားဆောင်ရွက်ပေးနေမှု အခြေအနေ၊ နဘူး–ထို့ကော်ကိုးလမ်း ခြောက်မိုင်ခြောက်ဖာလုံကို သုံးမိုင်ငါးဖာလုံ ကတ္တရာခင်းခြင်း၊ အမာခံကျောက်ခင်းပြီး ခြောက်မိုင်နှစ်ဖာလုံနှင့် ကျန်ရှိနေသော လေးဖာလုံကို ဆက်လက်ဆောင်ရွက်နေမှုအခြေအနေ၊ ထို့ကော်ကိုး–ကျော်ခိုလမ်း ဖောက်လုပ်ရန် လျာထားမှု ၁၂မိုင်ကို လေးမိုင်လေးဖာလုံခွဲ ဆောင်ရွက်ပြီးစီးနေမှုအခြေအနေ၊ စပါးစိုက်ပျိုးရန် ရေနက်ကွင်းများတွင် မိုးကြိုကြဲခင်းစနစ်ဖြင့် ၁၁၂ဧက၊ ရေတော်မိုးတော်ဧက ၃၀ တွင် ဆင်းသွယ်လတ်မျိုး ၁၀ ဧကနှင့် ရေကျနောက်စိုက် စိုက်ပျိုးရန် ၁၇၈ ဧက စီစဉ်ထားရှိပြီးမှုနှင့် ရော်ဘာစိုက်ပျိုးရန် ဧက ၁၀၀ လျာထားခဲ့ပြီး ၄၂ဧက စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ ရော်ဘာပင်ကြားတွင် ခေါက်ဒင်စပါး ၁၂ဧက၊ ဥကန်စွန်း ငါးဧကနှင့် မိုးနှမ်းလေးဧက စိုက်ပျိုးထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နဘူး–ထို့ကော်ကိုးလမ်းကို ရေကျော်ခြင်းမဖြစ်စေရန် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားပြီး ထို့ကော်ကိုးဒေသ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း စီမံဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ထို့ကော်ကိုးဒေသအတွက် ဆန်၊ အဝတ်အထည်၊ စာအုပ်နှင့် စာရေးကိရိယာများကို ထို့ကော်ကိုးဒေသမှ တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် ဦးစောလယ်မူး၊ ဦးထော့လေး၊ ဦးရင်နု၊ ဦးမောင်ကျော်နှင့် တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များနှင့်အတူ ထို့ကော်ကိုးကျေးရွာရှိ အိုင်ပီစတားတယ်လီဖုန်း တပ်ဆင်ထားရှိမှု၊ တိုင်းရင်းသားများ၏ နေအိမ်များ၊ ဝင်းသူဇာအရောင်းဆိုင်၊ ဆေးပေးခန်းနှင့် သားဖွားခန်း၊ စာကြည့်တိုက်နှင့် ဆံသဆိုင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် နဘူး–ကော့ကရိတ်လမ်းတစ်လျှောက်၌ လမ်းဘေးဝဲ/ယာရှိ ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းများ၊ မိုးစပါးစိုက်ခင်းများနှင့် လမ်းပိုင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ကော့ကရိတ်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့ နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ကော့ကရိတ်ခရိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ ကိုယ်စားလှယ်များအား သစ်ပင်ပျိုးပင်များ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များအားလည်းကောင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက မြို့နယ်ရဲတပ်ဖွဲ့၊ ကော့ကရိတ်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပညာရေးမှူးရုံးတို့မှ ကိုယ်စားလှယ်များအား သစ်ပင်ပျိုးပင်များကို အသီးသီးပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကျွန်းပျိုးပင်ကို အမှတ်တရ စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ပျဉ်းကတိုးပျိုးပင်နှင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက ပိတောက်ပျိုးပင်တို့ကို စိုက်ပျိုးပေးကြပြီး လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများကလည်း သစ်ပင်ပျိုးပင်များကို စိုက်ပျိုးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်တွင် ပါဝင်စိုက်ပျိုးကြသော လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံအားပေး နှုတ်ဆက်သည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေနှင့် ကံ့ကော်ပင်အပါအဝင် သစ်ပင် ၁၀၈၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့ရှိ ကော့ကရိတ်ခရိုင်ပြည်သူ့ဆေးရုံ ခုတင်(၁၀၀) ဆောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ဆေးရုံအဆောက်အအုံမြေညီထပ်၌ ဟုမ်းတောက် ဆောက်လုပ်ရေးကုမ္ပဏီမှ ဒါရိုက်တာဦးချန်စိန်က ကော့ကရိတ်ခရိုင်ပြည်သူ့ဆေးရုံဆောက်လုပ်ခြင်း လုပ်ငန်းအားလုံး၏ ၉၅ဒသမ ၆၁ရာခိုင်နှုန်း ပြီးစီးနေမှုအခြေအနေ၊ ပြင်ပလုပ်ငန်းများဖြစ်သည့် ဆေးရုံရှေ့ မြေကာကျောက်စီလုပ်ငန်း ၈၀ ရာခိုင်နှုန်း၊ ရေမြောင်းနှင့် ပလက်ဖောင်းလုပ်ငန်း ၉၅ရာခိုင်နှုန်း၊ ၁၄လက်မအကျယ် လမ်းလုပ်ငန်း ၄၀ရာခိုင်နှုန်း၊ လူ ၁၀၀ ဆံ့ မိလ္လာကန်လုပ်ငန်း ၉၀ရာခိုင်နှုန်းနှင့် ကြွေပြားခင်းခြင်းလုပ်ငန်း ၇၀ ရာခိုင်နှုန်း ပြီးစီးနေမှုအခြေအနေများကိုလည်းကောင်း၊ ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးနောင်က လုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆေးရုံအဆောက်အအုံကို စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး၊ဆောက်လုပ်ရေးလုပ်ငန်းများကို တိကျမှန်ကန်စွာ တည်ဆောက်ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ဆေးရုံအဆောက်အအုံ တည်ဆောက်ပြီးစီးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းမိသားစုများ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၇

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ (ရန်ကုန်ရုံးခွဲ) စုပေါင်းခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦးနှင့် ဦးညီထွန်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပရိသတ်တို့ကရွေးပြည်သာမြို့နယ် သီရိမင်္ဂလာပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသုမနထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ ဆရာတော်ထံမှ သာဓုအနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ ဟောပြောပွဲ နှင့် စာဖတ်ဝိုင်းကို ဇူလိုင် ၁၀ရက်က အမှတ်(၃၀) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ပညာ့ရိပ်မွန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် ကျင်းပစဉ်။ (မြို့နယ်ပြန်/ဆက်)

ကွန်ပျူတာလုပ်ငန်းရှင်များ ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၇

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ Sookmyung Women's University ၌ ယနေ့မှ ဇူလိုင် ၂၁ ရက်အထိ ကျင်းပမည့် International Entrepreneurship Training for Women; APEC Women's e-Biz Training 2007 သို့ တက်ရောက်ရန် မန္တလေးတိုင်း ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ အတွင်းရေးမှူး ဒေါ်သီရိခေတ်၊ ဘဏ္ဍာရေးမှူး ဒေါ်ဖြိုးမြင့်သူ၊ ရှမ်းပြည်နယ် ကွန်ပျူတာပညာရှင်အသင်းမှ ဘဏ္ဍာရေးမှူး ဒေါ်သူဇာဖွေးနှင့် ရှမ်းပြည်နယ် ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ဒုတိယဥက္ကဋ္ဌ ဒေါ်ဝေဝေခင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ဇုဝါလိုင်တို့သည် ဇူလိုင် ၁၄ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေစက်တော် အရှင်သုန္ဒရတရားပွဲ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေစက်တော် ကျောင်းတိုက်မှ မိုးကုတ်ဓမ္မကထိက အရှင်သုန္ဒရ(ရွှေစက်တော်) အရှင်သူမြတ်သည် ပုဇွန်တောင်မြို့နယ် သာသနဝေပုလ္လ တိုက်အုတ်ကျောင်းတွင် ဇူလိုင် ၂၀ ရက်မှ ၂၉ ရက်အထိ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါး တရားတော်မြတ်ကို ဟောကြားမည်ဖြစ်သည်။

တရားပွဲပင့်လျှောက်လိုသူများသည် ဖုန်း–၀၉–၅၀၂၈၇၇၂ သို့ ဆက်သွယ်ပင့်လျှောက်နိုင်ကြောင်း သိရသည်။ (က–ပ)

ဆီမီး ၉၉၀၀ အဖွဲ့ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၁၇

ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့က (၁၀)ကြိမ်မြောက် အဖွဲ့ဩဝါဒါစရိယ ဆရာတော်ကြီး ကိုးပါးအား ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၂၂ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အင်းစိန်ရွာမ အနောက်ရပ်ကွက် ညောင်ပင်သာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်းတစ်စုံလျှင် ကျပ် ၂၄၃၀ နှင့်အထက် လှူဒါန်းထားသူများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ကြရန်နှင့် လှူဒါန်းလိုသူများ အချိန်မီ ကြွရောက်ကြပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (က–ပ)

မြစ်ကြီးနားမြို့ တရားစခန်းပွဲနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၁၇

မြစ်ကြီးနားမြို့ ရွှေပေးလမ်းမကြီး ရတနာ့ဂုဏ်ရည်ရိပ်သာ၌ အကြိမ်(၂၀)မြောက် ခုနစ်ရက်တရားစခန်းပွဲကို ဇူလိုင် ၂၃ရက်(တနင်္လာနေ့) ညနေ ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သဖြင့် တရားအားထုတ်လိုသော ယောဂီများသည် မိမိတို့ အသုံးအဆောင်များယူဆောင်၍ ညနေ ၄နာရီအရောက် ရိပ်သာသို့ ကြွရောက်ရမည်ဖြစ်ပြီး မဟာစည်နယ်လှည့်ဓမ္မကထိက(ထီလာ) အရှင်ဉာဏိဿရ ညောင်ကန်အေး ရန်ကုန်နှင့် ရတနာ့ဂုဏ်ရည်ရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇာနန္ဒ အရှင်သူမြတ်တို့က ဟောကြားချီးမြှင့်ကြမည်ဖြစ်သည်။

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဒုတိယဝါဆိုလပြည့်ကျော် ၁ရက် ဇူလိုင် ၃၀ရက်(တနင်္လာနေ့) ညနေ ၅နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ဝါဆိုသင်္ကန်းတစ်စုံလျှင် ကျပ် ၃၀၀၀ ဖြင့် စာရင်းပေးလှူဒါန်းနိုင်ကြပြီး ကိုမြင့်စိုး–မခင်မာဝင်း(အောင်နီလာရတနာရွှေဆိုင်)မိသားစုတို့က ညှော့ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)



၂၀၀၇–၂၀၀၈ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အထိမ်းအမှတ် ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ သစ်ပင်စိုက်ပျိုးကြစဉ်။ (က–ပ)

(18-7)06.P65 1 32/4/1, 3:49 PM

စက်ခလုတ်နှိပ် ဖွင့်လှစ်

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်) ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး

ရန်ကုန် ဇူလိုင် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လသာမြို့နယ် လမ်းမတော်လမ်း ဆေးတက္ကသိုလ်(၁)ရှေ့ရှိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Prof. Adik Wibowo၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ တာဝန်ရှိသူများ၊ ဆရာဝန်များ၊ သူနာပြု ဆရာ၊ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဘင်ခရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) မျက်နှာစာရှိ လမ်းမတော်လမ်းဘက်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang တို့က ဖဲကြိုးဖြတ်၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်) ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်) ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဝန်ကြီး ဒေါက်တာကျော်မြင့်၊ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က ကမ္ပည်းမော်ကွန်းကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြည်သူ့ကျန်းမာရေး တက္ကသိုလ်(ရန်ကုန်)ကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)ကို တွေ့ရစဉ်။ (သတင်းစဉ်)

✻ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေမှ

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား စက်ရုံအစည်းအဝေးခန်းမ၌ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ယုဇနဆီချောဆီသန့် စက်ရုံပုံစံငယ်၊ တနင်္သာရီတိုင်းအတွင်း ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်း စိုက်ပျိုးထားမှုအခြေအနေ၊ ကော့သောင်းဆီအုန်းခြံအတွင်းရှိ တစ်နာရီတန် ၃၀ မှ တန် ၆၀ ကျ ဆီကြိတ်စက်ရုံ တည်ဆောက်ထားမှုနှင့် ထုတ်လုပ်မှုအခြေအနေ၊ သာကေတမြို့နယ်ရှိ ဆီချောဆီသန့်စက်ရုံ၏ ဆီကြိတ်၊ ဆီချော(စားအုန်းဆီ)၊ ဆပ်ပြာဆီ(PFAD) နှင့် ဆီခဲ(မုန့်ဖုတ်လုပ်ငန်းသုံးဆီ)ထုတ်လုပ်မှုအခြေအနေ၊ စက်ရုံ၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်တို့ကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ သွင်းကုန်အစားထိုးနိုင်ရေးအတွက် စားအုန်းဆီချောကို စဉ်ဆက်မပြတ်ထုတ်လုပ်သွားရန်လိုကြောင်း၊ တနင်္သာရီတိုင်းမှ ဆီကြမ်းများကို သယ်ယူရာတွင် မိမိတို့ဆီယာဉ် (Tanker) ဖြင့် မသယ်နိုင်ပါက အခက်အခဲမရှိစေရေးအတွက် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းနှင့် ညှိနှိုင်းဆောင်ရွက်ရန်လိုကြောင်း၊ လာမည့်နှစ်များတွင် ယခုထက်ပိုမို၍ စားအုန်းဆီထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိပြီး စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် တာဝန်ရှိသူများအပိုင်းက ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ စားအုန်းဆီကို ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေးအတွက် အမြဲမပြတ် စစ်ဆေးကြပ်မတ်ရန် အထူးအရေးကြီးကြောင်း၊ ကုန်ပစ္စည်း အရည်အသွေးကို ထိန်းသိမ်းမြှင့်တင်နိုင်ခြင်းဖြင့် ဈေးကွက်၌ ပိုမိုတွင်ကျယ် အောင်မြင်လာမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် စက်ရုံဧည့်ခန်းမ၌ ခင်းကျင်းပြသထားသည့် ယုဇနကုမ္ပဏီလီမိတက်က ထုတ်လုပ်သော ဟင်းသီးဟင်းရွက်ဆီနှင့် စားအုန်းဆီနမူနာများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် စက်ရုံအတွင်းရှိ သံပုံးထုတ်လုပ်မှု၊ ကုန်ပစ္စည်းထုပ်ပိုးမှု၊ ဆီချောသိုလှောင်ကန်များနှင့် စားအုန်းဆီသန့် ချက်လုပ်မှုအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက လုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ယုဇနကုမ္ပဏီလီမိတက်၏ ယုဇနဆီချော၊ ဆီသန့်စက်ရုံကို ၂၀၀၆ခုနှစ် ဇွန် ၂၅ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဇူလိုင်လမှစတင်၍ စားအုန်းဆီသန့် လစဉ်တန် ၅၀၀မှ တန် ၁၀၀၀အတွင်း ထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၇-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅	ဘုရားရှိခိုးတရားရိပ် တရားတော် (ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရဆရာတော်)
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	အိုလံပစ်နေ့အထိမ်းအမှတ် ကျွမ်းဘားအားကစားပြိုင်ပွဲ
၈:၂၅	တေးဂီတအစီအစဉ်
၈:၃၀	အသည်းကင်ဆာ သိကောင်းစရာ(အပိုင်း-၂) (ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း)
၈:၅၀	ပြည်တွင်းသတင်းအကျဉ်း
၉:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၃၅	ငါးရစ်မျိုးငါး---တို့မစား (ဇာတ်ရေး၊ခိုင်သင်းကြည်) (ဒါရိုက်တာ-ရဲဝင်းနီ)
၉:၄၅	တေးဂီတအစီအစဉ်
၉:၅၀	Midweek Sports News
၁၀:၀၅	မိုးလေဝသခန့်မှန်းချက်
၁၀:၁၀	ဆောင်းပါးရှင်အတွေးအမြင် "ငါးမင်းဆွေနှင့်တွေ့ဆုံခြင်း"
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ကျော်ကျော်ဗိုနှင့်တွေ့ဆုံခြင်း)
၁၁:၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅	ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနား
၁၂:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၅	နိုင်ငံတကာစံချိန်မီ လက်ကိုင်အိတ်နှင့် ဖိနပ်ကလေးများ
၁၂:၃၀	တေးဂီတအစီအစဉ်
၁၂:၃၅	အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ကိုကိုလင်းမောင်၊ မခိုင်ဇင်ဝင့်ရှိန်တို့နှင့် တွေ့ဆုံခြင်း)
၁၂:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိတစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၀၇ခုနှစ် အာရှဖလားဘောလုံးပွဲစဉ်များ

အချိန်		ပွဲစဉ်	ပြမည့်လိုင်း
ညနေ	၄:၅၀	အင်ဒိုနီးရှား-တောင်ကိုရီးယား	MRTV-4(Live)
ည	၇:၀၅	ဥဇဘက်ကစ္စတန်-တရုတ်	MRTV-4(Live)

ယူတတ်ရင် ရမှာပါ

ဆရာစိုး(တောင်တွင်းကြီး)

အမျိုးသားညီလာခံကြီး အောင်မြင်စွာ ပြီးပါတော့မယ်။ ဒီတော့ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကြီး ပေါ်လာတော့မယ်ပေါ့။ ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးကို တစ်နိုင်ငံလုံးက အုန်းအုန်းကျွက်ကျွက် (National Referendum) နည်းနဲ့ အတည်ပြုပြီးတဲ့အဆုံးမှာတော့ အဲဒီဥပဒေအရ ပါတီတွေဖွဲ့ကြ၊ ရွေးချယ် တင်မြှောက်ပွဲတွေ လုပ်ကြနဲ့... ဒီမိုကရေစီယန္တရားကြီး ဧကန် လာတော့မှာပါ။ ဒီနောက်တော့ အနာဂတ် 'ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး' ကို အဲဒီ ဥပဒေကြီးနဲ့အညီ အုပ်ချုပ်သွားတော့မှာပေ့ါ။ ဥပဒေနဲ့အညီ အုပ်ချုပ်ပြီဆိုမှတော့ အမှားအယွင်း အတိမ်းအစောင်းတွေ နည်းသွားမှာ အမှန်ပါ။

(Substantive political reforms would be necessary before sanctions could be lifted) **'စီးပွားရေး ပိတ်ဆို့မှုတွေ ရုပ်သိမ်းဖို့က လက်တွေ့ကျတဲ့ နိုင်ငံရေးပြုပြင်မှုတွေ လုပ်ဆောင်ဖို့ လိုတယ်'** လို့ အဲဒီ စီးပွားရေး ပိတ်ဆို့ထားတဲ့ နိုင်ငံကြီးတွေက ဖိအားပေးထားတယ်။ ဒီတော့ ဒီမိုကရေစီယန္တရားကြီး တကယ်လည်ပတ်ပြီဆိုရင် စီးပွားရေး ပိတ်ဆို့မှုတွေရုပ်သွားပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုတွေ ဒလဟော ဝင်လာရတော့မှာပေ့ါ။ ဒီတော့ လူငယ်တွေအတွက် လုပ်ငန်းခွင်တွေ ပေါမှပေါ၊ နည်းပညာတွေလည်း အတောမသတ် စီးလာတော့မှာပါ။ ဝင်လာမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ချိတ်ဆက်ပြီး အိမ်တွင်းစက်မှု၊ လက်မှုလုပ်ငန်းတွေ မှိုလိုပေါက်လာမယ်။ လုပ်ငန်းခွင်တွေနဲ့ လိုက်လျောညီထွေဖြစ်စေမယ့် ပညာရေးစနစ်တွေ ပြဋ္ဌာန်းကြတော့မယ်။ လူငယ်တွေ ပညာသင်ရတာ အရမ်းတက်ကြွလာမယ်။ နည်းပညာနောက် အပြိုင်အဆိုင် အလုအယက် လိုက်ကြရတော့မှာကိုး။ အရင်းအနှီးနဲ့ နည်းပညာက ကမ္ဘာကို ကိုင်လှုပ်နေတယ်ဆိုတာကိုတော့ အားလုံးလက်ခံကြမှာပါ။

ဒီတော့ **ဘယ်သူက ဦးဆောင်ရေးဆွဲသည်ဖြစ်စေ ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးက ရလာမယ့် ရလဒ်တွေ၊ အကျိုးအာနိသင်တွေကို မကြိုဆိုထိုက်ပေဘူးလား။ အီလည်လည်နဲ့ မွန်းကျပ်နေကြတဲ့ အခြေအနေက အမြန်ဆုံး လွန်မြောက်ဖို့သာ အဓိကလို့ ခံယူသင့်ကြပါပြီ။ 'မှု'ကိုသာ အာရုံထားသင့်ကြပါပြီ။ မှုကိုမကြည့်... လူကိုကြည့်တတ်လွန်းလို့မှားခဲ့ပေါင်း...၊ လမ်းကြောင်း တိမ်းစောင်းခဲ့ပေါင်းလည်း များလှပါပြီ။**

အနာဂတ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးရဲ့ ဒီမိုကရေစီ ယန္တရားကြီးထဲမှာ တပ်မတော်က(၂၅)ရာခိုင်နှုန်းပါမှာပါ။ လက်ရှိ တပ်မတော် အစိုးရရဲ့ ၁၀၀ ရာခိုင်နှုန်း ဦးဆောင်မှုအောက်မှာတောင် နိုင်ငံတည်ငြိမ်အေးချမ်းပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ အသီးအပွင့်တွေကို ကိုယ်စီဆွတ်ခူးစားသုံးပြီး အနာဂတ်အတွက် မျှော်လင့်ချက် ကိုယ်စီနဲ့ အဓိပ္ပာယ်ရှိရှိ နေခဲ့ကြပြီပဲဟာ။ ဒီတော့ (၂၅) ရာခိုင်နှုန်းဆိုတာကို ဘာလို့ ဈေးဆစ်နေမလဲ။ တကယ်တော့ တပ်မတော်ဆိုတာ မပါရင် သမိုင်းကို ရေးလို့မရဘူး။ မြန်မာ့နိုင်ငံရေး ဆိုတာက မကွဲရမပြိုရရင် 'မောင်မနေတတ်ဘူး'ဆိုတဲ့လောက။ ကွဲတိုင်း ပြိုတိုင်းလည်း တပ်မတော်နည်းနဲ့ ပြန်စေ့ယူရတာ သမိုင်းတစ်လျှောက်လုံးရဲ့ အစဉ်အလာ။ ၁၉၅၈ ခုနှစ်ကို ပြန်ကြည့် လိုက်လေ။ အဲဒီတုန်းက ဒီမိုကရေစီစနစ်ပါပဲ။ ဖဆပလတွေ မထိန်းနိုင်မသိမ်းနိုင် ကွဲကြ ပြိုကြ၊ အာဏာငမ်းငမ်းတက် အချင်းချင်း အပုပ်ချကြ... အကွဲအပြဲရောဂါကြီးတစ်နိုင်ငံလုံးကူးစက်...နောက်ဆုံးတပ်ကိုပါ အန္တရာယ်လုပ်သည်အထိ နိုင်ငံရေးမုန်တိုင်းကြီး ထဖူးတာပြန်ကြည့်။ ဝန်ကြီးချုပ်လုပ်သူက 'လုပ်ပါဦး' ဆိုပြီး နိုင်ငံတော်ကို တပ်မတော်လက်ထဲ ၁၈လကြာအောင် အပ်ခဲ့ရတယ် မဟုတ်လား။ တပ်မတော်က အခြေအနေတွေကို ပြန်ထိန်းပြီး 'ကဲ–ရပြီ၊ ပြန်ယူတော့' တဲ့။ တရားမျှတတဲ့ ရွေးကောက်ပွဲနဲ့ အဲဒီ ဝန်ကြီးချုပ်လက်ထဲ နိုင်ငံတော်ကို ပြန်အပ်လိုက်ပါတယ်။

ဘယ်လောက်ကြာလိုက်လို့လဲ...။ ပြည်နယ်တွေအများကြီးက ခွဲထွက်မယ် လုပ်ကုန်တော့တာပဲ။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ အခွင့်အရေးအရ တောင်းတာပါပဲ။ ဒါပေမယ့် ခွဲထွက်မယ့် ပြည်နယ်တွေကို ကိုလိုနီနယ်ချဲ့တွေက အမျိုးမျိုး မက်လုံးတွေပေးပြီး သွေးခွဲနေလိုက်ကြတာများ တကယ်ကြက်သီးထလောက်တယ်။ နောက်ပြီး နယ်စပ်တွေမှာက လူမျိုးစုသူပုန်တွေ ပြည့်လို့။ နိုင်ငံအတွင်းပိုင်း ရိုးမတောင်ကြားတွေမှာ ကွန်မြူနစ်တွေက အခြေပြုပြီး နောက်ကျောကို ဓားနဲ့ထောက်လို့။ ဒီ 'ဟက်တက်'ကွဲ ဓာတ်လမ်းစုံကပဲ ပါတီစုံဒီမိုကရေစီစနစ်ကို နိုင်ငံရေး ဓာတ်သိမ်းခန်းဆီ ဖရိုဖရဲတရွတ်တိုက် ဆွဲခေါ်သွားတော့တာပါပဲ။ ဒီအခြေအနေဆိုးကြီးတွေကြောင့် တပ်မတော်က လက်မတင်ကလေး ဝင်ရောက် ထိန်းသိမ်းလိုက် ရတာပဲမို့လား။ အဲဒီတုန်းကတော့.... 'တော်ပါသေးရဲ့ မောင်မင်းကြီးသားကယ်ပေလို့...'တဲ့။

တပ်မတော်ကို ကျောထောက်နောက်ခံထားတဲ့ ၂၆ နှစ်ကြာ 'မဆလ'ခေတ်နှောင်းမှာ စီးပွားရေးချွတ်ခြုံကျသွားတော့ 'သင်း–တရားခံ'တဲ့။ တရားခံက လူလား–မှုလား။ 'မူဝါဒ'မှားသွားတာမို့လား။ အဲဒီမူဝါဒမှားသွားတာက ကိုယ့်တစ်နိုင်ငံထဲမှမဟုတ်တာ။ တပ်မတော်က အာဏာသိမ်းခဲ့ရတဲ့ (၁၉၆၂)ဝန်းကျင်မှာ 'ဆိုရှယ်လစ်စနစ်'ဆိုတာ အလွန်ရေပန်းစားပေတာကိုး။ 'ဆိုရှယ်လစ်စနစ်'ကို လက်မခံရင်ဘဲ အသည်းနှလုံးမရှိသလိုလို။ အဲဒီတော့ ဒီမိုကရေစီစနစ်ကြောင့် တစ်နိုင်ငံလုံး အကွဲအပြဲဖြစ်ရတယ်ဆိုပြီး ဆိုရှယ်လစ်လိုက်ကြတာပဲလေ။ ကမ္ဘာ့ဆိုရှယ်လစ်နိုင်ငံအားလုံး အငတ်ဆိုက်ကုန်တော့မှ 'မှားပြီဟ' ဖြစ်ကုန်ကြတာပါ။ ဒီတော့လည်း တစ်ကျော့ပြန် ဒီမိုကရေစီလိုက်ကြရုံပဲပေါ့။

အမှန်က အာဃာတတွေ၊ ဓာတိ ပုညု၊ ဂုဏ်မာန တွေသာ ရှေ့တန်းမတင်ကြဘူးဆိုရင် ဒီမိုကရေစီက ရနေလောက်ပါပြီ။ ခုတော့ ဒီမိုကရေစီအနံ့လေး ရရုံရှိသေး အစွယ်ငေါငေါတွေ ထွက်ခဲ့ကြတယ်။ ၉၀ ပြည့်နှစ် ရွေးကောက်ပွဲပြီးခါစမှာပါ....။ ဒါတွေဟာ... စနစ်တစ်ခုကနေ စနစ်တစ်ခု အကူးအပြောင်းမှာ ဖြစ်တတ်တဲ့ လူ့သဘာဝလို့ ဆိုချင်ဆိုနိုင်ပေမယ့် ယုံကြည်မှုတွေ ပျက်ပြားသွားတာကတော့ တိုင်းပြည်အလွန်နစ်နာပါတယ်။ တပ်မတော်အစိုးရရဲ့ ဘယ်လောက်ကောင်းတဲ့ လုပ်ရပ်ကိုပဲဖြစ်ဖြစ် လူပြိန်းကြိုက် စကားလုံးတွေနဲ့ ရယ်သွမ်းတွေ သွေးပစ်ကြ...။ ရစရာမရှိအောင် အပြစ် ထောက်ပြကြ၊ တပ်မတော်ကို (Reform) ပြန်လုပ်ပစ်ရမယ်ဆိုတဲ့ စကားလုံးမျိုးအထိ သုံးပြီး ခြိမ်းခြောက်ကြ...နဲ့ 'အမျိုးသား ရင်ကြားစေ့ရေး'ကို အဆင်ခြင်

> **သမိုင်းကို မသုံးသပ်၊ ဥပဒေကို မျက်**
> **မှုကိုမကြည့်၊ လူကိုသာကြည့်တတ်**
> **ကျဉ်းမြောင်းမှုတွေ၊ လောဘ၊ ဒေါသ**
> **အာဃာတတွေနဲ့ ရင်းပြီးမှရမယ့် ဒီ**
> **ဟာ ဘယ်လိုမှ နောက်ကျောမလုံနို**

ကင်းမဲ့စွာ ဖျက်ဆီးပစ်ခဲ့ကြတယ်။ ယုံကြည်မှုတွေ ပျက်သုဉ်းကုန်မှတော့ ဒီမိုကရေစီလမ်းကြောင်းက ချောမွေ့နိုင်ပါတော့မလား။ ဒီမိုကရေစီအင်အားစုတွေအနေနဲ့ 'အလွန် အမြင်ကျယ်စွာ' အမျိုးသားရင်ကြားစေ့ပေးနိုင်ရမှာပါ။ 'တပ်မတော် မပြိုကွဲရေး' ဆိုတာကိုလည်း ထိပ်ဆုံးကထား စဉ်းစားရမှာပါ။ ၁၉၄၈ ခုနှစ် ဖဆပလခေတ် တပ်မတော်ထဲမှာ တပ်ရင်းအချို့ စိတ်ဝမ်းကွဲပြားမှု ဖြစ်သွားခဲ့ဖူးတဲ့အဖြစ်ကို ပြန်ကြည့်ပြီး သင်ခန်းစာယူတတ်ဖို့ ကောင်းတာပေါ့။

အဲဒီ ၁၉၄၈ ခုနှစ် ဝန်းကျင်ဟာ (ပထမဦးဆုံးပေါ်ပေါက်ခဲ့တဲ့) ဒီမိုကရေစီကာလပဲမို့လား။ ဝါဒစွဲ ပြင်းထန်မှု နိုင်ငံရေးအယူအဆ မတူမှုတွေအပေါ် အခြေခံပြီး ကွန်မြူနစ်တွေ တောခိုကုန်တော့ တပ်ရင်းအချို့ပါသွားတယ်လေ။ တောခိုပြီဆိုမှတော့ ပါးကိုက်–နားကိုက်၊ အဖျက်လုပ်ငန်းတွေ လုပ်ကုန်တော့တာပေါ့။ ဆက်ကြောတွေတောင်း၊ ရွာတွေမီးရှို့၊ ရထားမိုင်းခွဲ၊ တိုင်းရင်းသားချင်း သတ်ဖြတ်... မကြားဝံ့မနာသာတွေ...။ ရောင်စုံသူပုန်တွေကြားမှာ တရုတ်ဖြူဆိုတာတွေကပါ ဝင်လာပြန်တော့ သွက်သွက်ကိုလည်

ကရော။ နောက်တော့ ဘိန်းဖြူဆိုတ...
ကျောက်မျက်၊ သတ္တု၊ သစ်ခိုးလိုက်သ...
ပြုန်းကုန်မလား မသိတော့ဘူး။ ...
စခန်း' ဆိုတဲ့ မတော်တရော် နာမ...
(Buffer Zone) နဲ့ နိုင်ငံရေးလု...
မှိုင်းအမျိုးမျိုးတိုက်ပြီး အိုးမဲ့သုတ်တာ...
စိတ်ဝမ်းကွဲပြားမှုရဲ့ အကျိုးဆက်မပ...
(၆၀) လောက်ရှိနေပြီ။ အချင်းချင်...
ကောင်းသေးလို့လဲ။ အဲဒီမီးကို တပ်...
အမျိုးသားပြန်လည်စည်းလုံးညီညွတ်...
လုပ်ရပ်ကို အခြေတည်ပြီး ငြိမ်းနိုင်...
မီးကျန်တွေ မဖြစ်စလောက်ကျန်နေ...
အိမ်ကြက်ချင်းခွပ်နေရတာကို ဘေး...
ဝိုင်းတီးပြီး အမြတ်ထုတ်နေကြတာ–...

ကိုယ်ချင်းသတ်ရင်း အချိန်ကုန် နေရ...
ကောင်းလဲ၊ ဒီအနိဋ္ဌာရုံကြီးဟာ နိုင်...
cal leaders)ဆိုသူတွေရဲ့ အာဃာ...
အမြင်မကျယ်မှုကြောင့် ရလာတဲ့ ...

အဲဒီလိုမျိုး တပ်ထဲမှာ စိတ်ဝမ်...
၈၈–အရေးအခင်းကာလမှာကတည်...
တွေ အကြီးအကျယ် လုပ်ခဲ့ကြတယ်...
ထပ်လုပ်ဖို့ တာစူလိုက်ကြသေးတ...
ဥပဒေကို မျက်ကွယ်ပြု၊ မှုကိုမကြ...
အမြင်ကျဉ်းမြောင်းမှုတွေ....၊ လောဘ...
တွေနဲ့ ရင်းပြီးမှရမယ့် ဒီမိုကရေစီ...
မလုံနိုင်ပါဘူး။ ဒါ့အပြင် နယ်စပ်ကြ...
ဗရုတ်သုတ်ခ နိုင်ငံရေးဆူနာမီအော...
ရှိတော့မှာပါ။

ဒါကြောင့် ဒီမိုကရေစီအရေးက...
အမြင်ကျယ်မှရမှာပါ။ ပါတီနိုင်ငံရေ...
ရှေ့တန်းတင်မှရမှာပါ။ ဒီသမိုင်း...
ယူနိုင်စွမ်းမရှိဘဲ၊ စွန့်လွှတ်အနစ်နာ...
တွေနဲ့ထပ်ပြီး ဒီမိုကရေစီကြရင်တော့...
သမိုင်းတစ်ကျော့ ပြန်လာဦးမှာပါ...
ဝင်ထိန်းနေရဦးမှာ။ ဒီတော့ ဒီသံသ...
ရအောင် အမျိုးသားရင်ကြားစေ့ရေး...
မဟုတ် လက်တွေ့ပြသရာ ရောက်...
ဒီမိုကရေစီယန္တရားကြီးထဲမှာ တပ်မ...
အကောင်းဆုံးပဲမို့လား။ ဒါဟာ အ...
စိတ်ချရမယ့် မြန်မာနိုင်ငံရဲ့ ပကဝ...
ညီတဲ့ အမျိုးသားနိုင်ငံရေးပါပဲ။

အလွန်သေချာတာကတော့ အ...
လူ–ပုဂ္ဂိုလ် အစွဲမထားဘဲ တိုင်းရ...
ယုံယုံကြည်ကြည် လက်တွဲတဲ့...
လမ်းကြောင်းပေါ် (အမြန်ဆုံး...
ဖြစ်တယ်–ဆိုတာပါပဲ။

ဒီတော့ (၁၉၄၈–၅၈–၈၈) အမှ...
ကစပြီး **'အားလုံးလက်တွဲပြီးသား'** ဖြ...

> **အနာဂတ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးရဲ့ ဒီမိုကရေစီ ယန္တရားကြီးထဲမှာ တပ်မတော်က (၂၅)ရာခိုင်နှုန်းပါမှာပါ။ လက်ရှိ တပ်မတော်အစိုးရရဲ့ (၁၀၀) ရာခိုင်နှုန်း ဦးဆောင်မှုအောက်မှာတောင် နိုင်ငံတည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ အသီးအပွင့်တွေကို ကိုယ်စီဆွတ်ခူးစားသုံးပြီး အနာဂတ်အတွက် မျှော်လင့်ချက်ကိုယ်စီနဲ့ အဓိပ္ပာယ်ရှိရှိ နေခဲ့ကြပြီပဲ။ ဒီတော့ (၂၅) ရာခိုင်နှုန်းဆိုတာကို ဘာလို့ ဈေးဆစ်နေမလဲ။ တကယ်တော့ တပ်မတော်ဆိုတာမပါရင် သမိုင်းကို ရေးလို့မရဘူး။**

ကရော။ နောက်တော့ ဘိန်းဖြူဆိုတာကြီးပါပေါ်လာတာပါပဲ...။ ကျောက်မျက်၊ သတ္တု၊ သစ်ခိုးလိုက်သမှ .... ပြုတ်ပြုတ်များတောင် ပြုန်းကုန်မလား မသိတော့ဘူး။ နောက်ဆုံးတော့ 'ဒုက္ခသည်စခန်း' ဆိုတဲ့ မတော်တရော် နာမည်သုံးပြီး ကြားခံနယ်မြေ (Buffer Zone) နဲ့ နိုင်ငံရေးလုပ်ကြတာ ခံနေရပြီမို့လား။ မှိုင်းအမျိုးမျိုးတိုက်ပြီး အိုးမဲသုတ်တာကို မရှုမလှလိမ့်ခံနေရတာ.... စိတ်ဝမ်းကွဲပြားမှုရဲ့ အကျိုးဆက်မဟုတ်လို့– ဘာလဲ။ **နှစ်ပေါင်း (၆၀) လောက်ရှိနေပြီ။ အချင်းချင်း သတ်ပုတ်နေရတာ။ ဘာကောင်းသေးလို့လဲ။ အဲဒီမီးကို တပ်မတော်အစိုးရလက်ထက်မှာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုတဲ့ စေတနာမှန်တဲ့ လုပ်ရပ်ကို အခြေတည်ပြီး ငြိမ်းနိုင်ခဲ့ပြီဆိုပေမယ့် ခုထိ မီးကြွင်းမီးကျန်တွေ မဖြစ်စလောက်ကျန်နေသေးတာ လူတိုင်းသိပါတယ်။ အိမ်ကြက်ချင်းခွပ်နေရတာကို ဘေးက အားရဝမ်းသာ လက်ခုပ်ဝိုင်းတီးပြီး အမြတ်ထုတ်နေကြတာ– နိုင်ငံတော်တိုးတက်ရေးထက်**

...ပ်၊ ဥပဒေကို မျက်ကွယ်ပြု၊ ...သာကြည့်တတ်တဲ့ အမြင် ...လောဘ၊ ဒေါသ၊ မောဟ၊ ...င်းပြီးမှရမယ့် ဒီမိုကရေစီ ...က်ကျောမလုံနိုင်။

ကိုယ်ချင်းသတ်ရင်း အချိန်ကုန် နေရတာ–ဘယ်လောက် ရှက်စရာကောင်းလဲ၊ ဒီအနိဋ္ဌာရုံကြီးဟာ နိုင်ငံရေးခေါင်းဆောင် (Political leaders)ဆိုသူတွေရဲ့ အာဃာတ၊ ဇာတိ ပုည၊ ဂုဏ်မာနနဲ့ အမြင်မကျယ်မှုကြောင့် ရလာတဲ့ အမွေဆိုးကြီးပါ။

အဲဒီလိုမျိုး တပ်ထဲမှာ စိတ်ဝမ်းကွဲမှုမျိုးတွေ ထပ်ဖြစ်အောင် ၈၈–အရေးအခင်းကာလမှာကတည်းက ဒီမိုကရေစီခေါင်းဆောင်တွေ အကြီးအကျယ် လုပ်ခဲ့ကြတယ်နော်။ အတိတ်က အမှားမျိုးကို ထပ်လုပ်ဖို့ တာစူလိုက်ကြသေးတာ။ **သမိုင်းကို မသုံးသပ်၊ ဥပဒေကို မျက်ကွယ်ပြု၊ မူကိုမကြည့်၊ လူကိုသာကြည့်တတ်တဲ့ အမြင်ကျဉ်းမြောင်းမှုတွေ....၊ လောဘ၊ ဒေါသ၊ မောဟ၊ အာဃာတတွေနဲ့ ရင်းပြီးမှရမယ့် ဒီမိုကရေစီဟာ ဘယ်လိုမှ နောက်ကျောမလုံနိုင်ပါဘူး။ ဒါ့အပြင် နယ်စပ်ကြားခံ နယ်မြေကြီး ပိုထူလာပြီး ဗရုတ်သုတ်ခ နိုင်ငံရေးဆူနာမီအောက်မှာ တိုင်းပြည်ပါ ပျောက်ရှုံရှိတော့မှာပါ။**

ဒါကြောင့် ဒီမိုကရေစီအရေးကို ကိုင်တွယ်ရာမှာ အတော်အမြင်ကျယ်မှရမှာပါ။ ပါတီနိုင်ငံရေးထက် အမျိုးသားနိုင်ငံရေးကို ရှေ့တန်းတင်မှရမှာပါ။ ဒီသမိုင်းပေးတာဝန်ကြီးကို တကယ်ယူနိုင်စွမ်းမရှိဘဲ၊ စွန့်လွှတ်အနစ်နာ 'မခံတတ်တဲ့' သဘောထားတွေနဲ့ထပ်ပြီး ဒီမိုကရေစီကြရင်တော့ ဖဆပလ ခေတ်တုန်းကလိုပဲ သမိုင်းတစ်ကျော့ ပြန်လာဦးမှာပါ။ ခဏခဏလည်း တပ်က ဝင်ထိန်းနေရဦးမှာ။ ဒီတော့ ဒီသံသရာထဲတဝဲလည်လည် ဖြစ်မနေရအောင် အမျိုးသားရင်ကြားစေ့ရေး ဆိုတာကိုလည်း အပြောနဲ့မဟုတ် လက်တွေ့ပြသရာ ရောက်အောင် အစကတည်းကကို ဒီမိုကရေစီယန္တရားကြီးထဲမှာ တပ်မတော်က ၂၅ ရာခိုင်နှုန်းပါနေရင် အကောင်းဆုံးပဲမို့လား။ ဒါဟာ အလွန်လက်တွေ့ကျတဲ့ အားလုံးစိတ်ချရမယ့် မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေနဲ့ လိုက်လျောညီတဲ့ အမျိုးသားနိုင်ငံရေးပါပဲ။

> **အလွန်သေချာတာကတော့ အာဃာတ ကင်းကင်းရှင်းရှင်းနဲ့ လူ–ပုဂ္ဂိုလ် အစွဲမထားဘဲ တိုင်းရင်းသားအားလုံးနဲ့ တပ်မတော် ယုံယုံကြည်ကြည် လက်တွဲတဲ့ နည်းသာလျှင်.... ဒီမိုကရေစီလမ်းကြောင်းပေါ် (အမြန်ဆုံး) ရောက်စေမယ့် နည်းလမ်းဖြစ်တယ်–ဆိုတာပါပဲ။**

ဒီတော့ (၁၉၄၈–၅၈–၈၈) အမှားတွေကို သံဝေဂယူရင်း ဒီနေ့ကစပြီး **'အားလုံးလက်တွဲပြီးသား'** ဖြစ်နေရင်မကောင်းဘူးလား။ ။

ပြည်ထောင်စုပန်းတိုင်

☆ တောင်လက်ယာ ဇမ္ဗူကျွန်း
သြဘာနိမိတ် ထွန်းတဲ့ပြည်။
အောင်တေးသံ အောင်အတိတ်နဲ့
အောင်ဟိတ်ဝေစည်။
ကိုယ့်အရေးပေမို့
ကိုယ်တွေးကာ ညီညာဝိုင်း
သမိုင်းသစ် ရေးခဲ့ပြီ
ကမ္ဘာတည်မည့်မော်ကွန်း။
မြန်မာ့မြေပုံကိုဖြင့်
အလှဝေထုံ ဂုဏ်ပျံ့မွှေးရအောင်
အမျိုးသားမာန် ဇာတိသွေးနဲ့
ရေးဖွဲ့ဖော်ညွှန်း။

☆ ဒို့ပြည်ထောင် ညီနောင်ဖွားတို့
အမျိုးသား ညီလာခံ
အခြေခံမူနှင့်
အသေးစိတ်မူ မကျန်ရအောင်
နှိုင်းဆစီမံ။
ကိုယ့်မူကိုယ့်စံနှင့်
ကိုယ့်နိုင်ငံ ကိုယ့်အမျိုးသားတို့
တိုးပွားဖို့ အကြောင်းခံ
အကောင်းမှန်သမျှ ဆောင်နှင်း။
အချုပ်အခြာအာဏာရဲ့
ခက်မသုံးဖြာ ရပိုင်ခွင့်တွေ
တိုးမြှင့်ကာ ညီတူမျှရအောင်
ပြဋ္ဌာန်း အသက်သွင်း။

☆ တိုင်းဒေသကြီးရယ်နဲ့
ပြည်နယ်က ခုနစ်ခုစီ။
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပါတဲ့
တိုင်း/ဒေသ လူမျိုးစုတွေလည်း
သူ့ဆိုင်ရာ အခွင့်အလမ်းနဲ့
ဝမ်းမြောက်ရွှင်ကြည်။
ဖွဲ့စည်းပုံ မသွေမှန်တဲ့
အခြေခံ ဥပဒေသည်
တိုင်းပြည်၏ အသက်သွေး။
ဒီမိုကရေစီ အနှစ်သာရနဲ့
ပြည့်ဝအောင် မျိုးစေ့ချ
လမ်းပြကူဖေး။

☆ အမွေခံ ဝန်းကျင်ကောင်းတို့
အသွင်ပြောင်း အခြေတည်။
လောကပါလ တရားများ
ထွန်းကားစေရည်။
ယခင်ခေတ်တွေထက်
စစ်မှန်ကာ နည်းလမ်းကျ
မျှတမှု အခြေခံသည်
ပြည်ထောင်စု အနာဂတ်လမ်း။
ဘယ်သူတွေ ဘယ်လိုဖျက်စေတော့
မပျက်ပေါင် ရှေ့ခရီး
နီးအောင်ပင်လှမ်း။

☆ ညီလာခံ အောင်မြင်ရေး
နောင်အစဉ်တွေးလို့ တွဲလက်ခိုင်။
တစ်လှေတည်းစီး
တစ်ခရီး အတူသွားလို့
တစ်စီးပွား အတူကြိုး
နီးကြားပိုင်ပိုင်။
ပြည်ထောင်စုပန်းတိုင်
လှမ်းကိုင်ဖို့ လက်တစ်ကမ်း။
အခြေခံဥပဒေ အရေးကိုဖြင့်
ဆွေးနွေးကာ ခေါင်းဆုံပိုင်းလို့
ဒို့တိုင်းပြည် ရွှေတစ်ခေတ်အတွက်
အားသစ်ကြစမ်း။ ။

ဇော်မင်းမင်းဦး

ကြေးသွန်းဘုရားဂေါပက ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၇

ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဗေယျအတုလမာရဇိန် ကြေးသွန်းဘုရားကြီး ဂေါပကအဖွဲ့၏ (၉၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၂ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီခွဲတွင် ပင့်သံဃာ၂၅ပါးအား ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ဂေါပကအဖွဲ့ရုံး ဖုန်း–၅၄၁၆၈၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က–ပ)

နေနတ်သားစာသင်တိုက် စုပေါင်းဝါဆိုသင်္ကန်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့် နာယက၊ စာချ၊ စာသင် သံဃာတော် ၁၀၀ကျော်တို့အား (၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်)၊ ဇူလိုင် ၂၂ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ဝါဆိုသင်္ကန်းများ စုပေါင်းလှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ပိုလ်မှူးချုပ်သန်းဌေး မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)ရုံးတွင် မြို့နယ်အသင်း တာဝန်ရှိသူများနှင့် တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့လမ်းမတော်မြို့နယ် ပန်းဆိုးတန်းလမ်းရှိ မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)ရုံးသို့သွားရောက်၍ မြို့နယ်အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များကို တွေ့ဆုံသည်။ (အပေါ်ပုံ)

ယင်းသို့တွေ့ဆုံရာတွင် အသင်းဥက္ကဋ္ဌ ဦးအေးကိုကိုက အသင်းစတင်တည်ထောင်ဖွဲ့စည်းခဲ့ပုံ၊ အသင်းဝင်အင်အား၊ အသင်းရန်ပုံငွေအခြေအနေ၊ မြန်အောင်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းမှပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကူညီစောင့်ရှောက်မှုပေးနေမှုများ၊ ရန်ကုန်မြို့ရှိ အသင်းဝင်မြန်အောင်မြို့နယ်သူ၊မြို့နယ်သားများ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများတွင် ဆောင်ရွက်ပေးခဲ့မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအနေဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်အသင်းအနေဖြင့်လည်း အသင်းဝင်များတစ်ဦးချင်း သာရေး၊နာရေး၊လူမှုရေးကိစ္စများအပါအဝင် မြို့နယ်အတွက် အကျိုးပြုလုပ်ငန်းများတိုးတက်ဆောင်ရွက်နိုင်ရေး၊ အသင်းဝင်ဦးရေတိုးပွားရေး၊ အသင်းရန်ပုံငွေတိုးတက်ရာဖွေရေးကိစ္စများ ဖြည့်စွက်ဆွေးနွေးပြီး မြို့နယ်အသင်းဥက္ကဋ္ဌ ဦးအေးကိုကိုထံသို့ အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈–၇–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၂၀ ၇။ အရာတော်ရေလျှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ဒဿနိကဗေဒ၊ အင်္ဂလိပ်စာ၊ စိတ်ပညာ၊အရှေ့တိုင်းပညာ၊ ပထဝီဝင်၊ဥပဒေပညာ၊ သမိုင်းအထူးပြုများ) (ဒဿနိကဗေဒ)
၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၅:၀၀ ၅။ မြန်မာစာ၊မြန်မာစကား
၅:၁၀ ၆။ သီချင်းကြီးပဒေသာ
၅:၂၀ ၇။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၀ ၁၂။ Discovery
၇:၁၀ ၁၃။ တေးဂီတအစီအစဉ်
၇:၂၀ ၁၄။ မြန်မာ့ခြင်းလုံး
၇:၃၀ ၁၅။ **"သူနဲ့ပဲနေတော့မယ်" (ငှက်ပျောကြော်၊ကြူကြူသင်း) (ဒါရိုက်တာ–ရွှေဦး MRTV)**
၇:၄၀ ၁၆။ စက္ကူအလင်းအောင်ပွဲဆင် တောင်သာမြို့တစ်ခွင်ပီတိရွှင်
၇:၅၀ ၁၇။ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **"ကြယ်စင်ပတ်လည်ဝန်းရံလျက်တည်သော အတိုင်းမသိရွှေပြည်" (ညွန့်ဝင်း၊နေအောင်၊ဒွေးလွင်မိုး၊နန္ဒာလှိုင်၊အိန္ဒြာကျော်ဇင်၊မြင့်မြင့်ခိုင်) (ဒါရိုက်တာ–စင်ရော်မောင်မောင်)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မကွေးပညာရေးကောလိပ် ငွေပဒေသာပင် စိုက်ထူပွဲအခမ်းအနားသို့ တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ ဇူလိုင် ၇ ရက် နံနက် ၁၁ နာရီတွင် မကွေးမြို့ မကွေးပညာရေးကောလိပ်သို့ သွားရောက်ပြီး ငွေပဒေသာပင် စိုက်ထူပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မကွေးမြို့ မကွေးပညာရေးကောလိပ် ငွေပဒေသာပင်စိုက်ထူပွဲတွင် အမှာစကား ပြောကြားစဉ်။ (လယ်/ဆည်)

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအပါအဝင် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မကွေးပညာရေးကောလိပ်မှကျောင်းအုပ်ဆရာမကြီးနှင့်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ငွေပဒေသာပင်များကို စိုက်ထူပေးကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လှူဒါန်းငွေကို ဆည်မြောင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က လည်းကောင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကို ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေကလည်းကောင်း၊ မကွေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ လှူဒါန်းငွေကို ဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်ကလည်းကောင်း၊ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ လှူဒါန်းငွေကို ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းက လည်းကောင်း၊ မကွေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းငွေကို တိုင်းအတွင်းရေးမှူး ဦးမောင်မောင်ဌေးက လည်းကောင်း၊ မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ လှူဒါန်းငွေများကို တာဝန်ရှိသူများကလည်းကောင်း ပေးအပ်ကြရာ မကွေးပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးသည် မကွေးပညာရေးကောလိပ် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ သင်တန်းများဆင်းပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး ထူးချွန်ဆုများချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ် (၁၃/၁၄)၊ အဆင့်မြင့် အင်ဂျင်နီယာ သင်တန်းအမှတ်စဉ် (၂)၊ အဆင့်မြင့် အိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၅)၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်းအမှတ်စဉ် (၃)သင်တန်းများဆင်းပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။ (အောက်ပုံ)

ယင်းသင်တန်းဆင်းပွဲသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ပေးအပ်

ထို့နောက် ဒုတိယဝန်ကြီးသည် အဆင့်မြင့်အုပ်ချုပ်မှုသင်တန်းအမှတ်စဉ်(၁၃)တွင် စံပြသင်တန်းသား ဆုရရှိသူ စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ဦးစီးအရာရှိ ဦးဝင်းနိုင်၊ စာပေထူးချွန်ဆုရရှိသူ စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်အောင်၊ အဆင့်မြင့်အုပ်ချုပ်မှု သင်တန်း အမှတ်စဉ်(၁၄)တွင် စံပြသင်တန်းသားဆုရရှိသူ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဌာနခွဲမှူး ဦးစိုးနိုင်၊ အဆင့်မြင့်အင်ဂျင်နီယာ သင်တန်းအမှတ်စဉ်(၂)တွင်စံပြသင်တန်းသားဆုရရှိသူ တံတားဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးအာကာမြတ်သူ၊ အဆင့်မြင့် အိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၁၅) တွင် စံပြသင်တန်းသူဆုရရှိသူ ဗန်းမော်အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ပစ္စည်းထိန်း–၄ ဒေါ်စိုးစိုးဝင်း၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း(ကြိမ်/ဝါး)သင်တန်းအမှတ်စဉ်(၃)မှ ကြိမ်ဘာသာရပ်တွင် စံပြသင်တန်းသူ ဆုရရှိသူ လားရှိုးအမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း နည်းပြ ဒေါ်နန်းသန္တာအောင်နှင့် ဝါးဘာသာရပ်တွင် စံပြသင်တန်းသူ ဆုရရှိသူ ရေစကြိုအမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အကူနည်းပြ ဒေါ်ချိုမာမြင့်တို့အား ထူးချွန်ဆုများချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူ ခေါင်းဆောင်များသို့ ပေးအပ်သည်။

အဆင့်မြင့်အုပ်ချုပ်မှု သင်တန်း အမှတ်စဉ် (၁၃)တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ စည်ပင်သာယာရေး ဦးစီးဌာနနှင့် ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနတို့မှ သင်တန်းသား ၆၁ ဦး၊ အဆင့်မြင့်အုပ်ချုပ်မှုသင်တန်းအမှတ်စဉ်(၁၄)တွင် နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ သင်တန်းသား ၂၉ ဦး၊ အဆင့်မြင့်အင်ဂျင်နီယာ သင်တန်းအမှတ်စဉ်(၂)တွင် စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသား (၂၀)ဦး၊ အဆင့်မြင့် အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၅)တွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ (၁၅)ဦး၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်းအမှတ်စဉ်(၃) တွင် ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှ သင်တန်းသူ ၃၄ ဦး၊ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၅၉ ဦး တက်ရောက်အောင်မြင်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၀ ပတ် ကြာမြင့်ခဲ့သည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေသည် သင်တန်းကျောင်း အတွင်းရှိ အဆင့်မြင့် အိမ်တွင်းမှု သင်တန်းသူများ၏ စက်ချုပ်ကျွမ်းကျင်မှု သရုပ်ပြသခြင်းနှင့် ချုပ်လုပ်ထားသည့် လက်ရာပစ္စည်းများ၊ အိမ်တွင်းမှု လက်မှုလုပ်ငန်း(ကြိမ်/ဝါး) သင်တန်းသူများ၏ လက်တွေ့သရုပ်ပြသခြင်းနှင့် သင်တန်းသူများ၏ လက်ရာကြိမ်ထည်၊ ဝါးထည် လက်မှုအသုံးအဆောင် ပစ္စည်းများကို အားပေးကြည့်ရှုပြီးနောက် စားရိပ်သာ၊ သင်တန်းသား စာသင်ခန်းများ၊ အိပ်ဆောင်များနှင့် ဝန်ထမ်းအိမ်ရာများ၊ ပစ္စည်းသိုလှောင်ရုံများနှင့် စက်ယန္တရားများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဆရာမကြီး ဒေါ်သန်းမြင့် တစ်လပြည့်အား ရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် အလုံလမ်း မီးရထားအရာရှိရိပ်သာနေ ဦးသောင်း၊ သမီး ဒေါ်အေးမြင့်၊ သား ဦးကြင်မော်–ဒေါက်တာမေဆည်၊ မြေး ဒေါက်တာထွန်းအောင်ရှိန်၊ မခိုင်စိုးဟန် မိသားစုတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်ငါးသိန်းကို မိုးမိတ် အနုနာယကဆရာတော် ဘဒ္ဒန္တ ဝိနယထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ ဦးလှဝင်း–ဒေါ်မီးမီး၊ သား မောင်မြတ်သူရတို့က ကွယ်လွန်သူ နှစ်ဖက်မိဘများအား ရည်စူး၍ လှိုင်မြို့နယ် မေတ္တာဝါဒီ ဟသ်ာတ(ပရဟိတ)ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသီလာနန္ဒထံတွင် ဝါဆိုသင်္ကန်း၊ ဆွမ်းစရိတ်နှင့် ဆွမ်းပဒေသာပင်တို့အတွက် ငွေကျပ် သုံးသိန်းကို ဇူလိုင် ၁ ရက်က လှူဒါန်းစဉ်။ (က–ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် လမ်းမတော်မြို့နယ် ၁၄ လမ်းနေ ဦးလှသောင်း(ဗဟိုတရားရုံး)အား ရည်စူး၍ ဇနီး ဒေါ်ရီရီသောင်း သား၊ သမီး၊ မြေးတစ်စုတို့က အလှူငွေကျပ် တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယကဆရာတော် မိုးညှင်းအရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

လုပ်ငန်းခွင်အသုံးချ ကွန်ပျူတာသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ လုပ်ငန်းခွင် အသုံးချ ကွန်ပျူတာသင်တန်းအမှတ်စဉ်(၁/၂၀၀၇) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့ရှိ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းနီ၊ ကျောင်းအုပ်ကြီးဦးသန်း၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း မြေစာရင်းဦးစီးဌာနမှူး၊သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လခွဲကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ၂၀၀၇ခုနှစ် နေပြည်တော် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်ပင်များကို စိုက်ပျိုးပေးစဉ်။ (စွမ်းအင်)

၂၀၀၇ခုနှစ် နေပြည်တော် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၇

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၀၇ခုနှစ် နေပြည်တော်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၅ရက်တွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတက်ရောက်၍ စွမ်းအင်ဝန်ကြီးဌာန အဆောက်အအုံသတ်မှတ်နေရာ၌ လုမ္ဗိနီအင်ကြင်း၊ ပိတောက်၊ ခရေ၊ မဉ္ဇူသကနှင့် မဟော်ဂနီပင်တို့ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဝန်ကြီးသည် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ အရာထမ်း၊ အမှုထမ်းအင်အား စုစုပေါင်း၇၈၅ဦးတို့၏နှစ်ရှည်ပင်၊ အရိပ်ရလေကာပင်နှင့် စားပင်သီးပင်များစိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဆောက်အအုံဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ယခု ၂၀၀၇ ခုနှစ် နေပြည်တော် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ ခရေ၊ ပိတောက်၊ မဟော်ဂနီစသည့် နှစ်ရှည်ပင်များအပါအဝင် စုစုပေါင်းအပင်၃၀၀၀ကျော်ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝိပဿနာအလုပ်ပေး ခုနစ်ရက်အလိုတော်ပြည့် တရားစခန်း

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်မှ ၁၄ရက်(ဩဂုတ် ၆ရက်မှ ၁၂ရက်)အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်တွင်းပြည်ပသာသနာပြု ဒေါက်တာဘဒ္ဒန္တ အရိယဝံသ အလိုတော်ပြည့်ဆရာတော် ကိုယ်တိုင် ဝိပဿနာသတိပဋ္ဌာန်အလုပ်ပေးတရား ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် ဩဂုတ် ၁ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး ဩဂုတ် ၅ရက် ညနေ ၄ နာရီအရောက် တရားစခန်းသို့ ဝင်ရောက်ရမည်ဖြစ်ကြောင်းနှင့် ဂေါပကရုံး ဖုန်း-၅၄၈၈၆၁သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

မင်းဘူးအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၇

မင်းဘူးအသင်း(ရန်ကုန်)၏ (၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ဗဟန်းကြားတောရလမ်း၊ ကုန်သွယ်လယ်/ယာမွေ့ရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့နေ မင်းဘူးခရိုင်နယ်သူနယ်သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြပါရန်ဖိတ်ကြားထားသည်။ အလှူဒါနပြုလုပ်လိုသူများသည် ဥက္ကဋ္ဌ ဦးဝင်းဖေ ဖုန်း-၇၀၄၇၉၆နှင့် စာရင်းစစ်ဒေါ်ခင်စိန်ဝင်း ဖုန်း-၅၆၀၆၁၁ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

ကိုးဘွဲ့ရဝါဆိုကျောင်း ရေစက်ချပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ ဓမ္မကထိက ဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အမှတ်-၄၂/U-9ရပ်ကွက် ဗိုလ်မှူးဗထူးလမ်းမကြီးဘေးရှိ မြေကွက် အမှတ်-၁/က မြေနေရာတွင် ကိုးဘွဲ့ရသာသနာပြုကျောင်းတိုက်ကြီးကိုစတင်တည်ဆောက်လျက်ရှိရာ ကျပ်သိန်း ၄၀၀တန် ပထမဆုံးသော ဝါဆိုကျောင်းဆောင်ရေစက်ချပွဲ နှင့် မွေးနေ့ပွဲ၊ သိက္ခာထပ်ပွဲ၊ ဝါဆိုသင်္ကန်း ကပ်လှူပွဲများကို တစ်ပြိုင်နက်တည်း ပူးတွဲကျင်းပမည်ဖြစ်၍ ဇူလိုင် ၂၂ရက်(တနင်္ဂနွေနေ့)တွင် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အားလုံးကြွရောက်နိုင်ကြောင်းသိရသည်။ (က-ပ)

ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး သစ်ပင်စိုက်ပွဲတော် ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၁၇

ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင်၁၅ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာချမ်းငြိမ်း တက်ရောက်ကြည့်ရှုအားပေးပြီးသစ်ပင်စိုက်ပျိုးပေးသည်။ **(ယာပုံ)**

အဆိုပါသစ်ပင်စိုက်ပွဲတော်သို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် အဖွဲ့များမှညွှန်ကြားရေးမှူးချုပ်များနှင့် ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌများက သတ်မှတ်နေရာများ၌ သစ်ပင်များစိုက်ပျိုးပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အဝင်လမ်းတစ်လျှောက် လမ်းဘေးဝဲယာ၌ ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှု အားပေးကြသည်။ အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်တွင် ခရေ၊ စိန်ပန်း၊ပိတောက်၊သရက်၊အုန်း အစရှိသည့်အပင်မျိုးစုံ စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်သစ်နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အုပ်စု New & Renewable Energy Group (NREG)က ကြီးမှူး၍ New and Renewable Energy ခေါင်းစဉ်ဖြင့် စွမ်းအင်ဆိုင်ရာ ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower အစည်းအဝေး ခန်းမ (၁)၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ စက်မှု ကုန်ထုတ်လုပ်သူများအသင်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အုပ်စု (NREG) နာယက ဒေါက်တာ ကျော်တင့်က အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းတို့၏ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အုပ်စု (NREG)ဖွဲ့စည်းရခြင်းအကြောင်းကို ပြောကြားသည်။ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းနှင့်NREG ဥက္ကဋ္ဌဦးပေါ်ဟိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ဇီဝရုပ်ကြွင်းလောင်စာများ ရှားပါးမှုကြောင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရေးပါမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကိစ္စရပ်များကို ပြောကြားသည်။**(အောက်ပုံ)**

ယင်းနောက် NREGဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်က ဒီရေမှစွမ်းအင်ထုတ်ယူခြင်းနှင့် စမ်းသပ်တွေ့ရှိချက်များကိုလည်းကောင်း၊ ဦးဇာနည်အောင် (မန်နေဂျင်းဒါရိုက်တာ Hein Engineering Co., Ltd.)က စပါးခွံဓာတ်ငွေ့အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူအသုံးပြုမှုနှင့် ၎င်း၏သမိုင်းကြောင်း ခေတ်ပေါ်နည်းပညာများကိုလည်းကောင်း၊ ဦးတင်ဝင်း(အမှုဆောင် NREG)က ဇီဝဓာတ်ငွေ့နှင့် ရေအားအသုံးပြုခြင်းစွမ်းအင်အကြောင်းကိုလည်းကောင်း၊ ဦးသိန်းလွင်(အမှုဆောင် NREG) က ဇီဝလောင်စာထုတ်လုပ်မှုအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ပြောကြားကြ၍ ဥက္ကဋ္ဌ ဦးပေါ်ဟိန်းက နိဂုံးချုပ်စကားပြောကြားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ပညာရည်ထူးချွန်ဆုနှင်းသဘင် မကြာမီကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာ အောင်မြင်ခဲ့ကြသော မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများအတွက် ပညာရည်ထူးချွန်ဆုချီးမြှင့်မည်ဖြစ်သည်။

သို့ပါ၍ ဂုဏ်ထူးရှင်မိဘများသည် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်ဖြစ်ကြောင်းအထောက်အထားနှင့် ဂုဏ်ထူးရှင်မှန်ကန်ကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံစာတို့နှင့်အတူ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ဇူလိုင် ၃၁ရက် နောက်ဆုံးထားပြီး လျှောက်ထားကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက်နှင့်စာဖတ်ဝိုင်းကို ဇူလိုင်၁၁ရက် နံနက် ၁၀ နာရီက အမှတ်(၅၇)ရပ်ကွက်ရှိ လူငယ့်အားမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင်ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝင်းက စာကြည့်တိုက်ခိုင်မာအောင် ဆောင်ရွက်ရမည့်အချက်များ၊နယ်လှည့်စာကြည့်တိုက်နှင့်စာဖတ်ဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်အေးအေးမြင့်က ဇူလိုင် ၁၀ရက်ထုတ် ကြေးမုံသတင်းစာပါ "ယဉ်ကျေးမှုအနုပညာမှတ်တိုင်များ ဆက်လက်စိုက်ထူ" ခေါင်းကြီးပိုင်းကိုလည်းကောင်း၊ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်စည်းရုံးရေးမှူးဒေါ်ယမင်းပပဝင်းက ချစ်နိုင်(စိတ်ပညာ)၏ "ကိုယ့်ကိုယ်ကို ယုံကြည်မှု" စာအုပ်မှ "စာဖတ်ကျင့်" ဆောင်းပါးကိုလည်းကောင်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် စာရေးဒေါ်အေးအေးမြတ်မူက ဒို့ကျေးရွာဂျာနယ် အတွဲ -၄၊ အမှတ်-၁၃ပါ "မြန်မာအမျိုးသမီးများနှင့် မျိုးစောင့်တရား" ခေါင်းကြီးပိုင်းကိုလည်းကောင်း ဖတ်ကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝင်းက ပြန်လည်သုံးသပ်ဆွေးနွေးကာ အမှတ်(၅၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းသိန်း**(အပေါ်ပုံ)**က ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

သာကေတမြို့နယ်တွင် ဖြိုးစေတနာ(အခမဲ့)ဆေးကုခန်းဖွင့်

ရန်ကုန် ဇူလိုင် ၁၇

အမျိုးသားညီလာခံကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ဖြိုးစေတနာ(အခမဲ့)ဆေးကုခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင် လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၂/မြောက်ရပ်ကွက် ဇင်္ဂမလမ်းရှိ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်၍ ဖြိုးစေတနာ(အခမဲ့)ဆေးကုခန်းကို ဖွင့်လှစ်ပေးသည်။

ဖြိုးစေတနာ(အခမဲ့)ဆေးကုခန်းဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးအောင်မြင့်၊ အလုပ်အမှုဆောင် ဦးတင်လှိုင်၊ ခရိုင်အတွင်းရေးမှူး ဦးဇော်အောင်၊ မြို့နယ်အတွင်းရေးမှူး ဦးဇော်ဝင်းနိုင်နှင့် ဖိတ်ကြားထားသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖြိုးစေတနာ(အခမဲ့)ဆေးကုခန်းဖွင့်ပွဲကို မြို့နယ်အသင်းရုံးရှိ အဆိုပါဆေးကုခန်း ဥပစာ၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးအောင်မြင့်နှင့် ဆေးကုခန်း တာဝန်ခံဆရာဝန် ဒေါက်တာလှမြင့်တို့က ဖြိုးစေတနာ(အခမဲ့) ဆေးကုခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများသည် ဆေးကုခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဖြိုးစေတနာ(အခမဲ့) ဆေးကုခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင် လှူဒါန်းပွဲ အခမ်းအနားကို အဆိုပါ မြို့နယ်အသင်းရုံးခန်းမ၌ ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကား ပြောကြားရာတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ရန် ဧပြီလမှစတင်၍ ဖြိုးစေတနာ(အခမဲ့) ဆေးကုခန်းများကို ဖွင့်လှစ်ခဲ့ရာ ယခုဖွင့်လှစ်သည့် ဆေးကုခန်း အပါအဝင် ဆေးကုခန်းပေါင်း ၁၃ ခန်း ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ အနောက်တိုင်း ဆေးကုသမှုနှင့် တိုင်းရင်း ဆေးပါကုသပေးလျက်ရှိကြောင်း၊ ပြည်သူများအား ကျန်းမာရေး ကုသစောင့်ရှောက်ရာတွင် ယခုအခါ လေးသောင်းကျော်ရှိပြီ ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဖြိုးစေတနာ (အခမဲ့) ဆေးကုခန်း ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြသော ဆရာဝန်၊ ဆရာမကြီးများနှင့် စေတနာရှင် မိဘပြည်သူများကို ကျေးဇူးတင်ရှိပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်ထံ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၅၁၃ စောင်ကို ၄/တောင်ရပ်ကွက် စည်းရုံးရေးမှူး ဦးရွှေမောင်က ပေးအပ်သည်။

ဆက်လက်၍ ဖြိုးစေတနာ (အခမဲ့)ဆေးကုခန်းဆေးပဒေသာပင်အတွက် အလှူရှင် ၆၅ဦးတို့က စုစုပေါင်း ငွေကျပ် ၆၈သိန်းကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်၊ ရန်ကုန်တိုင်းအသင်း ခေတ္တအတွင်းရေးမှူးနှင့် တိုင်းအလုပ်အမှုဆောင်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည် ပေးအပ်ကြသည်။ (၁၉)

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဖြိုးစေတနာ (အခမဲ့) ဆေးကုသခန်းများ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားစဉ်။(၁၉)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မုံရွာမြို့နေ ဦးလှဝင်း(သ/မ ဦးစီးဌာန)–
ဒေါ်ငွေအောင်(ခြံမန်နေဂျာ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)တို့၏ သားကြီး

မောင်ကျော်သက်ဝင်း

M.E (Mining), B.E (Mining), A.G.T.I (Civil)
Tunnel Engineer, Taisei Corporation, Singapore

နှင့်

ရန်ကုန်မြို့နေ ဒေါက်တာဦးခင်စိုး(မြို့နယ်ဆရာဝန်ကြီး–ငြိမ်း)–(ဒေါ်လှလှ)၊
ဒေါ်ဝါဝါစိုးတို့၏ သမီးကြီး

မကေသီစိုး

M.C.Sc, B.C.Sc (Hons), D.A (L.C.C.I, UK), ACCA (Part II)

တို့သည် ၁၅–၇–၂၀၀၇ ရက်တွင် နှစ်ဖက်သောမိဘများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ကျော်သက်ဝင်း–မကေသီစိုး

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပြိုင်ပွဲ စတင်ကျင်းပ စက်မှု(၁)နှင့် နယ်စပ်/စည်ပင် သရေကျ

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲတွင် (ကက)အုပ်စုမှ အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။
(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၇

အားကစား ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေ ၄နာရီက ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ ကျင်းပရာ (ကက)အုပ်စုမှ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဘောလုံးအသင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဘောလုံးအသင်းတို့ တစ်ဖက် သုံးဂိုးစီဖြင့် သရေပွဲ ဖြစ်သွားသည်။

ယင်းပြိုင်ပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်အားပေး ချီးမြှင့်သည်။

အမှတ် (၁)
စက်မှုဝန်ကြီးဌာန သုံးဂိုး
(ဟန်ညွန့်နိုင် နှစ်ဂိုး၊ မျိုးသန့် တစ်ဂိုး)

နယ်စပ်/စည်ပင်
ဝန်ကြီးဌာန သုံးဂိုး
(ဇော်မြင့်ဦး တစ်ဂိုး၊ ဇော်နိုင်ဦး တစ်ဂိုး၊ ဖြိုးဝေလင်း တစ်ဂိုး)
ဒိုင်လူကြီး ဦးထွန်းထွန်း (အဖွဲ့ချုပ်)

ဇူလိုင် ၁၈ရက် ညနေ ၄နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်းတွင် (ကက) အုပ်စုမှ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန အသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ (၁၀၇)

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ တတိယလေးနှစ်သက်တမ်း ပထမအကြိမ် နှစ်ပတ်လည် အစည်းအဝေးနှင့် စာတမ်းဖတ်ပွဲကို ဇူလိုင် ၂၁ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များထံ ဖိတ်စာပေးပို့လျက်ရှိပြီး ဖိတ်စာအချိန်မီ မရရှိသော်လည်း အသင်းဝင်အားလုံး စုံညီစွာ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာသနာ့ကျေးဇူးရှင်များ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၇

သာသနာ့ ကျေးဇူးရှင်များ ပူဇော်ပွဲကို ၁၃၆၉ခု ဒုတိယဝါဆိုလဆန်း ၇ရက် (ဇူလိုင် ၂၁ရက်) တွင် ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော် အရှေ့ဘက် မနောမယိဒ္ဓိ ဓမ္မာရုံနှင့် ဒုတိယဝါဆိုလဆန်း ၈ရက် (ဇူလိုင် ၂၂ရက်)တွင် တူရွင်းတောင် စေတီတော်၏ အရှေ့ တောင်ပကျေးရွာ ရှင်အရဟံ ဓာတ်တော်စေတီတို့တွင် နှစ်ရက်တိုင်တိုင် သာသနာ့ ကျေးဇူးရှင်ကြီးများ ပူဇော်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ဒုတိယအကြိမ် ဆီမီးထွန်းညှိပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ပုသိမ် ဇူလိုင် ၁၇

ရှရိမဟာလက်ချိမ်းမယ်တော် (မင်္ဂလာဒီပ–ဆီမီး)အား ဦးထိပ်ထား၍ ရေဝတီတိုင်း ပုသိမ်မြို့ရှိ ရပ်ကွက်ပေါင်းစုံမှ ဟိန္ဒူမြန်မာ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ ဦးဆောင်ပြီး ဒုတိယအကြိမ် ရှရိမဟာ လက်ချိမ်းမယ်တော် (မင်္ဂလာဒီပ–ဆီမီး)အား ဆီမီးထွန်းညှိပူဇော်ပွဲကို ဇူလိုင်၂၂ရက် နံနက် ၉နာရီခွဲတွင် ပုသိမ်မြို့ (၄)ရပ်ကွက် မဟာဗန္ဓုလ လမ်းမကြီး အထက(၃)ကျောင်းရှေ့ရှိ မြန်မာနိုင်ငံ ဆရာဝန်များအသင်း ခန်းမဟောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဒုတိယအကြိမ် ဆီမီးထွန်းညှိပူဇော်ပွဲနေ့တွင် ရိုးရာယဉ်ကျေးမှု အကပဒေသာနှင့် စတုဒိသာ သက်သတ်လွတ် အကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးသွားမည် ဖြစ်သည်။ (က–ပ)

ဆရာဝန်အသင်း သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာ သင်ကြားရေး ယူနစ်(CME) မှ အထွေထွေရောဂါကု ဆရာဝန်များအတွက် Emergency Management for GPs (2007)သင်တန်းကို စက်တင်ဘာ ၁ရက်မှ ဒီဇင်ဘာ ၈ရက်အထိ စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ ထပ်မံ၍ သင်တန်းဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသော ဆရာဝန်များသည် ဩဂုတ် ၂၇ရက်မှ ၃၀ရက် အတွင်း နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိ တက်ရောက်မည့်သူ ကိုယ်တိုင် စာရင်းသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်

ရန်ကုန် ဇူလိုင် ၁၇

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား (၂၀၀၇) ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၄ရက်တွင် မော်လမြိုင်မြို့ ရာမညအားကစားပြိုင်ကွင်း၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကား ပြောကြားသည်။ ဖွင့်ပွဲနေ့တွင် မုပွန်ရပ်ကွက် ဘောလုံးအသင်းနှင့် ငန်းတေးကျေးရွာဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ မုပွန်ရပ်ကွက်ဘောလုံးအသင်းက လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၁၇

ကလောမြို့ ထင်းရှူးရိပ်သာ ဂေါက်ကလပ်၌ ဇူလိုင် ၇ ရက်တွင် ဒုတိယဗိုလ်မှူးကြီးသန့်ဇင်ဦးသည် ကစားဖော်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး သန့်ဇင်မော်၊ ဒုတိယဗိုလ်မှူးကြီး အေးလှိုင်၊ ဒုတိယဗိုလ်မှူးကြီး မောင်ဆန်း၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်မြင့်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁) ၁၂၅ ကိုက်အကွာမှ Reygrande No-1 ဘောလုံးကို Maruman Proliner- Z Iron 9 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။ (သတင်းစဉ်)

စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန် အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ၂၀၀၇–၂၀၀၈ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ရက် မွန်းတည့် ၁၂နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရေးမှူး စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ဦးစီးမှူး ဦးခိုင်စိုးက ၂၀၀၆–၂၀၀၇ခုနှစ် စီမံကိန်း အကောင်အထည် ဖော်နိုင်မှုနှင့် ၂၀၀၇–၂၀၀၈ခုနှစ် စီမံကိန်း ရည်မှန်းချက် တာဝန်များကို မြို့နယ်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြသည်။ ဌာနဆိုင်ရာများသို့ တာဝန်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(မြို့နယ်ပြန်/ဆက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကရင်ပြည်နယ် ထို့ကော်ကိုးဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကော့ကရိတ်မြို့ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၇

ကရင်ပြည်နယ် ဘားအံမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်ရှိ ထို့ကော်ကိုးဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း စီမံဖြည့်ဆည်းပေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဘားအံမြို့မှ ဘားအံ–အိန္ဒူ–ကော့ကရိတ်ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာကြပြီး ကော့ကရိတ်–နဘူး ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာကြကာ လမ်းဘေး ဝဲ/ယာ၌ မြေယာဖော်ထုတ်စိုက်ပျိုးထားသော ရော်ဘာခြံငယ်များ၊ မိုးစပါးစိုက်ခင်းများနှင့် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် နဘူး–ထို့ကော်ကိုးကားလမ်းကို ကတ္တရာခင်းကျင်းမှု၊ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ➪**

ကျွန်းပျိုးပင် စိုက်ပျိုးပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကော့ကရိတ်ခရိုင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်းပျိုးပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သာကေတမြို့နယ် ယုဇန ဆီချော၊ ဆီသန့်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ

ယုဇနဆီချော၊ ဆီသန့်စက်ရုံ ကြည့်ရှုစစ်ဆေး ပိုမိုထုတ်လုပ်ရေး၊ အရည်အသွေးမြှင့်တင်ရေး မှာကြား

ရန်ကုန် ဇူလိုင် ၁၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ် ရွှေခင်းသာလမ်းရှိ ယုဇနဆီချော၊ ဆီသန့်စက်ရုံသို့ သွားရောက်၍ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၇နာရီခွဲတွင် ယုဇနဆီချော၊ ဆီသန့်စက်ရုံသို့ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻**

NLDပါတီ၏ လုပ်ရပ်များအပေါ် ယုံကြည်မှုမရှိ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှပါဝင်ဆောင်ရွက်လို ကန်ကြီးထောင့်မြို့နယ်မှပါတီဝင် ၄၃ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇူလိုင် ၁၇

ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးမြင့်စိုး၊ ဦးစောထူး၊ ဦးသန်းကြွယ်၊ ဦးမြလွင်နှင့် ဦးလှချေတို့ အပါအဝင် ပါတီဝင် ၄၃ဦးတို့သည် ဇူလိုင် ၆ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ကန်ကြီးထောင့်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLDပါတီ၏ လုပ်ရပ်များအပေါ် ယုံကြည်မှုမရှိတော့ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှပါဝင်ဆောင်ရွက်လိုသဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး

✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး

✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး

✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံအတွင်း၌ အင်အားနည်းမြေငလျင်လှုပ်

နေပြည်တော် ဇူလိုင် ၁၇

ယနေ့ညနေ ၃ နာရီ ၀၂မိနစ် ၂၅စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှအနောက်တောင်ဘက် ၁၀မိုင်ခန့်အကွာ(မြန်မာနိုင်ငံအတွင်း)၌ အင်အားရစ်ချ်တာစကေး ၂ ဒသမ ၉အဆင့်ရှိ အင်အားနည်းမြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။